# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆၆)၊ အမှတ်(၁၀၄)






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ပေါ်ရှိ ဝက္ကမှုတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

**ယနေ့ ဖတ် စ ရာ**

**ပွင့်သောပန်းတိုင်း မွှေးစေလို ...**

ဆောင်းပါး စာ ၆

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက်ဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၁၂

## လေးမျက်နှာမြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်

ပုသိမ် အောက်တိုဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းပြီး တာတမံနိမ့်ကျမှု ဖြစ်ပွားကာ ရေကျော်စီးဝင်ခဲ့သဖြင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ○





## သင်ကြားရေးဆေးရုံကြီး(မကွေးမြို့)မှ အထူးကုဆရာဝန်ကြီးများ မင်းလှမြို့နယ်အတွင်း ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်

အထက်မင်းလှ အောက်တိုဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် သင်ကြားရေးဆေးရုံကြီး(မကွေးမြို့)မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မင်းလှမြို့နယ်အတွင်းရှိ ရဟန်းရှင်လူ ပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❖



## ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၃

ချင်းပြည်နယ် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကျင်မွှာလ်ရပ်ကွက် တောင်ဇလပ်လမ်း လမ်းဘေးဝဲယာ၌ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများကို အာဟာရမုန့်များ ပေးအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ❄

**ယနေ့ မိုးလေဝသ**

| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ |





## နေပြည်တော် ပြည်သူ့ရင်ပြင် ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

*ရှေ့ဖုံးမှ

**နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှု**

ဦးစွာ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က နေပြည်တော် ပြည်သူ့ရင်ပြင်အား မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး မြို့ပြနေ အများပြည်သူများ လည်ပတ်ကြည့်ရှုအပန်းဖြေ အနားယူနိုင်ရန်နှင့် ဘက်စုံအသုံးပြုနိုင်သည့် Public Area ပြည်သူ့ရင်ပြင်တစ်ခုအဖြစ် လျာထားတည် ဆောက်ဆောင်ရွက်လျက်ရှိမှု၊ ရင်ပြင်ပတ်လည် နေရာများ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး၊ ပြည်သူများ အပန်းဖြေလည်ပတ်ကြည့်ရှု အနားယူနိုင်ရန် ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေး ရင်ပြင်နှင့် Shop House များ၊ အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ရင်ပြင်အနီး၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီသည့် နာရီစင်ပါအဆောက် အအုံတစ်ခုတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက် လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတ က နေပြည်တော်ကောင်စီနယ်မြေအား မြို့တော် အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက် သော မြို့ပြတစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ဘက်ပေါင်းစုံမှ စဉ်းစားလျာထားဆောင်ရွက်သွားကြ ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ခေတ်နှင့်အညီ အဆင့်မီမီဖြစ်စေရေး၊ သတ်မှတ် အချိန်ကာလအတွင်းပြီးစီးနိုင်ရေး စနစ်တကျဆောင် ရွက်ကြရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေး ထိန်းသိမ်း ပြုပြင်ဆောင်ရွက်မှုများကိုလည်း အမြဲမပြတ်ဆောင် ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြ သည်။

**ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ မီးရထားလမ်း ခုံးကျော်တံတားများနှင့်နေပြည်တော်လေဆိပ် အဝင်လမ်းသစ် ဖောက်လုပ်နေမှု**

ယင်းနောက် ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် – တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတားနှင့် ရန်ကုန်–မန္တလေး မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတ မီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်း လုပ်ငန်းများအား နောင်အနာဂတ်တွင် ဖြစ်ပေါ်လာ နိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ် အစီးရေ တိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်း တွက်ချက်၍ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် ခုံးကျော်တံတားများ ငလျင်ဒဏ်ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း အရည်အသွေးကောင်းမွန် စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေး တာဝန်ရှိသူများ အနေဖြင့် စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံးအဆင့်မီမီ နှင့်စနစ်တကျဖြစ်စေရေး၊ မြို့ပြအင်္ဂါရပ်နှင့် လျော်ညီမှု ရှိစေရေး ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် လမ်းဘေး ဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များ စိုက်ပျိုး ထားရှိမှုနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်လေဆိပ်အဝင် လမ်းသစ် ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ဝက္ကမူ တံတားနှင့် ရုံးပင်ချောင်းတံတားတည်ဆောက်နေ မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေမှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။ *စာမျက်နှာ ၄ သို့*





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့်လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။




နေပြည်တော် – တောင်တွင်းကြီး မီးရထားလမ်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။




ရန်ကုန် – မန္တလေး မီးရထားလမ်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။





## ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လေဆိပ်အဝင်လမ်းသစ်နှင့် တံတားများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် ရှုံးပင်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းများနှင့် မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့်အညီ အဆင့်မီမီတည်ဆောက်နိုင်စေရေး လျာထားဒီဇိုင်းများရေးဆွဲထားရှိမှု၊ မြေယာရှုခင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများအား စနစ်တကျဖြင့် အဆင့်အလိုက် ပြီးစီးမှုရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ၏မြို့တော်သို့ ဝင်ရောက်ရာ အထင်ကရအမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ မုခ်ဦးအဆောက်အအုံအား မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျ တည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ယာဉ်များ သွားလာမှု မပျက်စေရေးအတွက်လည်း ရှောင်ကွင်းလမ်း(By Pass) များကို စနစ်တကျ ဖောက်လုပ်ပေးသွားရန်လိုကြောင်းနှင့် လမ်းများအား ထောင့်ချိုးများ အနည်းဆုံးဖြင့် တည်ဆောက်သွားရန်လိုကြောင်း၊ မြေယာရှုခင်းများကိုလည်း အဆင့်မီမီနှင့် ခေတ်နှင့်လျော်ညီသည့်ပုံစံဖြစ်စေရေး၊ ပြည်သူအများ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနားယူခြင်းများ ဆောင်ရွက်နိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်မြို့အဝင် မုခ်ဦးပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ထို့နောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် မြေယာရှုခင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံကို တွေ့ရစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျလာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချဂုဏ်ပြုမည့် နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန်လိုကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီထည့်သွင်းပေါင်းစပ်တည်ဆောက်သွားရန်လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

- **ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို**
- **မြေယာရှုခင်းများကိုလည်း အဆင့်မီမီနှင့် ခေတ်နှင့်လျော်ညီသည့်ပုံစံဖြစ်စေရေး၊ ပြည်သူအများ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနားယူခြင်းများ ဆောင်ရွက်နိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်**

- **နိုင်ငံ၏မြို့တော်သို့ ဝင်ရောက်ရာ အထင်ကရအမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို၊ မုခ်ဦးအဆောက်အအုံအား မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျတည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် တည်ဆောက်သွားရန်လို**

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၈ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

**ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမောင်မြင့်<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန | အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်စိုး<br>အလုပ်သမားဝန်ကြီးဌာန | ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




**ပညာရွှေအိုး လူမခိုး**

**ပညာရဲရင့် ပွဲလယ်တင့်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့( Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union– MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union– MPU)ဒုတိယဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့်အတွက်လွှတ်တော်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေးအတွက်ထိန်းသိမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျ ခိုင်မာအားကောင်းစေရန်နှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၅)နှစ်စီမံချက်ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အဆင့်အလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့လည်း မျှဝေပေးလိုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ကဏ္ဍ လိုအပ်ချက်များကိုလည်း အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမြဲမျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားမှု မရှိစေလိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်ပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူ နိုင်ငံသားများအား ဥပဒေအကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးရန် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများက ယုံကြည်အားကိုးအားထားပြုသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံ ဖော်ဆောင်သည့်အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ၊ အဆိုများတင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ တရားဝင်ဖော်ပြသည့် အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်မှ ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဆိုရှယ်မီဒီယာနှင့် သတင်းမီဒီယာ ကဏ္ဍများကို အသုံးပြု၍ ပြည်သူများ သိရှိလာနိုင်စေရန် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသည့် တိုင်းဒေသကြီးဖြစ်သည့်အလျောက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စိတ်ချမ်းသာစွာသွားလာနိုင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူ့အသံကိုနားစွင့်၍ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



## သပိတ်ကျင်းမြို့နယ်၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**သပိတ်ကျင်း အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက်၌ ယနေ့နံနက်က မြို့သန့်ရှင်းသာယာလှပစေရန် သပိတ်ကျင်းမြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကဘဲ့ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းတစ်လျှောက် ပေါင်းမြက်များရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းတို့ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

**ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ပွင့်သောပန်းတိုင်း မွှေးစေလို ...

ဟန်မြင့်

**လူတစ်ဦး၏ဘဝကို ပြောင်းလဲပေးနိုင်သည့် အခွင့်အလမ်းက တစ်ခါတစ်ရံတွင် သင်တန်းတစ်ခု၊ ကျွမ်းကျင်မှုတစ်ရပ်နှင့် ကိုယ်တိုင်ကြိုးစားလိုစိတ်တို့ ပေါင်းစပ်မှုမှ စတင်လာတတ်သည်။ ကျေးလက်ဒေသနေ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများသည် ထိုအခွင့်အလမ်းကို ဖန်တီးပေးနေပြီး မိသားစုဘဝ၊ လူမှုဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားထားရသည့် လုပ်သားကောင်းများ ပေါ်ထွက်လာစေရန် အထောက်အကူပြုလျက်ရှိသည်။**




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ ထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ဒေသနေပြည်သူများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့ကို အလေးထားလျက် ကျေးလက်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်သမဝါယမကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ၊ အသေးစာအလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်၍ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီပြီး ဈေးကွက်သို့ တင်ပို့နိုင်သည့် လုပ်ငန်းများကို အခြေခံကာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။

ထိုသင်တန်းများမှတစ်ဆင့် ကျေးလက်နေအမျိုးသမီးများ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာသကဲ့သို့ မိမိတို့ရပ်ရွာအတွက်လည်း အကျိုးပြုနိုင်လာကြသည်။ ထိုအမျိုးသမီးများမှာ ကျေးလက်မြေမှာ အခက်အခဲများကြားမှ ပွင့်လန်းလာကြသည့် တောပန်းကလေးများအဖြစ်တင်စားလိုပါသည်။

**တောင်လုံးညိုကျေးရွာက ပန်းကလေးတစ်ပွင့်**

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာလေး၏ ကျဉ်းမြောင်းလှသည့် တဲအိမ်လေးအောက်တွင် နွေနေပူကို အန်တုကာ မသိမ့်သိမ့်မိုးကျော်တစ်ယောက် စက်ချုပ်လျက်ရှိသည်။ "သမီးရေ၊ ထမင်းစားရအောင် လက်စသတ်တော့" ဟူသည့် မိခင်ဒေါ်ဝင်းမြ၏ ခေါ်သံကို အလုပ်ဖောကပ်နေသဖြင့် သုံးကြိမ်မြောက်ခေါ်မှကြားရပြီး ခေတ္တနားလိုက်သည်။

ပွင့်လင်းရာသီပွဲလမ်းသဘင်များ ပေါများလာသည့်အတွက် ယခုရက်ပိုင်းအပ်ထည်များမှာလည်း များပြားလာပါသည်။ နာမည်ရခါစ မျက်နှာသစ် စက်ချုပ်သမလေးတစ်ဦး ဖြစ်သည့်အတွက် ဖောက်သည်များနှင့် မိတ်မပျက်စေရန် ရက်ချိန်းမှန်အောင် နေ့မအား၊ ညမအား ကြိုးစားချုပ်လုပ်နေရပါသည်။

ဝမ်းဆက်တစ်စုံ ချုပ်ခတစ်သောင်းခွဲရရှိသဖြင့် တစ်နေ့တစ်ထည်ပြီးအောင် ကြိုးစားချုပ်ရတာ မမောနိုင်၊ မပန်းနိုင်ပါ။ နောင်တွင်လည်း ယခုထက် ပိုကောင်းသည့် ဒီဇိုင်းများကို အင်တာနက်မှ လေ့လာပြီး ချုပ်လုပ်သွားမည်ဟု သူက ရည်မှန်းထားသည်။

ယခင်က အတန်းပညာ အဋ္ဌမတန်းသာ အောင်မြင်ခဲ့သည့် မသိမ့်သိမ့်မိုးကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းက ရှားပါးခဲ့ပြီး အိမ်တွင် မှီခိုသူတစ်ဦးအဖြစ် ရှင်သန်နေခဲ့ရပါသည်။ သို့သော် လွန်ခဲ့သည့် လေးလခန့်က ဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းလေးတစ်ခုကြောင့် ၎င်း၏ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ပါပြီ။

**ကုန်းရိုးကျေးရွာက ပန်းကလေး**

"သားလေး၊ မေမေ စက်ချုပ်နေလို့ အပြင်မှာ နေလှန်းထားတဲ့အဝတ်တွေ ရုပ်ပေးဦး" ဟု ပြည်မြို့နယ် ကုန်းရိုးကျေးရွာလေးတွင် နေထိုင်သည့် မသီတာဝင်းက စက်ချုပ်နေရင်း မိုးဖွဲလေးများ ရွာလာသဖြင့် သားဖြစ်သူကို လှမ်းသတိပေးလိုက်ပါသည်။

သားနှစ်ယောက်မိခင် မသီတာဝင်းအတွက် စက်ချုပ်ဆိုင်လေးက ပုံမှန်ဝင်ငွေရရှိစေသည့် အရင်းအမြစ်တစ်ခု ဖြစ်လာပါပြီ။ ထို့ကြောင့် လယ်သမားခင်ပွန်းဖြစ်သူ၏ အိမ်စရိတ်ကို တစ်ဖက်တစ်လမ်းမှ ကျားကန်ပေးနိုင်နေပြီဖြစ်သည်။

သေသပ်သည့် ချုပ်ရိုး၊ လှပသည့် လက်ရာများဖြင့် လုံချည်တစ်ထည်ကို ငွေကျပ်နှစ်ထောင်၊ ဝမ်းဆက်တစ်စုံကို ငွေကျပ်တစ်သောင်းသာ ယူသဖြင့် ရွာတွင် မိတ်သစ်၊ ဆွေသစ်၊ ဖောက်သည်အသစ်များ တိုးပွားလာနေသည်ဟု သူကပြောပြသည်။

ယခင်က ဝင်ငွေမရှိသဖြင့် သိမ်ငယ်ခဲ့ရသော်လည်း ယခုတော့ သင်တန်းမှရရှိသည့် နည်းပညာနှင့် ငွေကြေးအထောက်အပံ့တို့ကြောင့် ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုဖြင့် ရပ်တည်လာနိုင်ပြီ ဖြစ်သည်။ ထိုသင်တန်းမှာ သူ၏ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲပေးခဲ့သည့် သင်တန်းပင်ဖြစ်ပါသည်။

**ဖြဟော်ကျေးရွာက ပန်းကလေး**

ပြည်မြို့နယ် ဖြဟော်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သည့် ဒေါ်အေးအေးအောင်တစ်ယောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၏ ယခုလ အတိုးကောက်ခံသည့်ကိစ္စ လာရောက်ဆွေးနွေးသဖြင့် စက်ချုပ်နေရာမှ ခေတ္တနားလိုက်သည်။

အလုပ်ကိစ္စဆွေးနွေးပြီး အဖွဲ့သားများ ပြန်ရန်နှုတ်ဆက်စဉ် လက်ရှိချုပ်နေသည့် အင်္ကျီလေးကို "လှလိုက်တာ" ဟု ချီးကျူးသံကြားရသဖြင့် ရင်ထဲပီတိဖြစ်ရပါသည်။

ယခင်က ရပ်ရေးရွာရေးနှင့် အိမ်မှုကိစ္စများဖြင့် အချိန်ကုန်ဆုံးခဲ့သော်လည်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးသို့ ဝင်ထွက်သွားလာရင်း သင်တန်းတစ်ခုအကြောင်း သိရှိပြီး တက်ရောက်ခဲ့ပါသည်။

ထိုသင်တန်းဆင်းပြီးကတည်းက စက်ချုပ်လုပ်ငန်းကို ကြိုးစားလုပ်ကိုင်ခဲ့ရာ ယခုဆိုလျှင် ဖြဟော်ကျေးရွာတွင် ဝင်ငွေအသင့်အတင့် ရရှိသည့် စက်ချုပ်လုပ်ငန်းတစ်ခု ပိုင်ဆိုင်နေပါပြီ။ ထို့ပြင် အဆင့်မြင့်သင်တန်းကိုလည်း သင်တန်းဆရာမထံတွင် ဆက်လက် သင်ယူလျက်ရှိပါသည်။

ဒေါ်အေးအေးအောင်၏ ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲပေးခဲ့သည့် သင်တန်းက မသိမ့်သိမ့်မိုးကျော်နှင့် မသီတာဝင်းတို့ တက်ရောက်ခဲ့သည့် သင်တန်းနှင့် အတူတူပင်ဖြစ်ပါသည်။

**တောပန်းလေးတို့ ဆုံစည်းရာ**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကို ပြည်မြို့နယ် မော်ဇာအုပ်စု တောင်လုံးညိုကျေးရွာ၌ ဖွင့်လှစ်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး အခြေခံချုပ်လုပ်နည်းများအဖြစ် ကလေးဘောင်းဘီ၊ ကလေးဂါဝန်၊ ရိုးရိုးထဘီ၊ လေးလွှာထဘီ၊ သဘော်သားအင်္ကျီ၊ ရင်ဖုံး၊ ရင်စေ့ အမျိုးအစားများကို သင်ကြားပေးခဲ့ပါသည်။

သင်တန်းသူများအား လျှောက်လွှာကြိုတင်ခေါ်ယူခဲ့ပြီး ၁၂-၁၀-၂၀၂၅ ရက်နေ့တွင် လူတွေ့စိစစ်ရွေးချယ်ခဲ့ပါသည်။ သင်တန်းဆင်းပြီးနောက် အမှန်တကယ် လက်တွေ့လုပ်ကိုင်မည့်သူများကိုသာ စိစစ်လက်ခံခဲ့ရာ မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် မော်ဇာအုပ်စု တောင်လုံးညိုကျေးရွာမှ လေးဦး၊ ဈေးရပ်ကျေးရွာမှနှစ်ဦး၊ တွင်းဖြည်းအုပ်စု တွင်းဖြည်းကျေးရွာမှ သုံးဦး၊ ကုန်းရိုးကျေးရွာမှ နှစ်ဦး၊ တောင်ခွေးရဲအုပ်စု ဖြဟော်ကျေးရွာမှနှစ်ဦး၊ မုဋ္ဌောအုပ်စု မုဋ္ဌောကျေးရွာမှနှစ်ဦး စုစုပေါင်း သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

သင်တန်းသူ ၁၅ ဦးလုံး ပျက်ရက်မရှိ တက်ရောက်ပြီး သင်တန်းဆင်းနိုင်ခဲ့ကြသည်။ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများအား အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်ခဲ့ပြီး မြစိမ်းရောင်ရန်ပုံငွေမှ အသေးစားစက်မှုလက်မှုလုပ်ငန်းခေါင်းစဉ်ဖြင့် ငွေကျပ်နှစ်သိန်းငါးသောင်းစီ ချေးငွေထုတ်ပေးခဲ့ပါသည်။

ထို့ပြင် ကျန်သင်တန်းသူ ၁၂ ဦးအား မြစိမ်းရောင်ရန်ပုံငွေ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းခေါင်းစဉ်ဖြင့် ငွေကျပ် ငါးသိန်းစီ ချေးငွေထုတ်ပေးခဲ့ပါသည်။ ထိုသင်တန်းသူများအနက် လက်တွေ့အသုံးချရန် အပ်ချုပ်စက်တစ်လုံးနှင့် ခားစက်တစ်လုံး ဝယ်ယူခဲ့ကြပါသည်။

ယခုအချိန်ထိ သင်တန်းသူ ၁၀ ဦးသည် အသက်မွေးဝမ်းကျောင်း အပ်ချုပ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

**တောပန်းလေးတို့အတွက် ရည်ရွယ်ချက်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျေးလက်ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ဝင်ငွေတိုးလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်လာစေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေး၊

(ခ) ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ပေါများသည့် အသက်မွေးပညာရရှိပြီး လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရေး၊

**❝ အခွင့်အလမ်းများ၊ အသိပညာနှင့် လိုအပ်သည့်အထောက်အပံ့များ ပံ့ပိုးပေးခြင်းအားဖြင့် ကျေးလက်မြေမှ တောပန်းလေးများသည် တဖြည်းဖြည်း ပွင့်လန်းလာကြပါသည်။ သို့သော် ပန်းတစ်ပွင့် ပွင့်လန်းလာရုံနှင့် မပြီးသေးပါ။ ပွင့်လန်းပြီးသည့် ပန်းကလေးများ ရေရှည်မွှေးကြိုင်နေစေရန် မိမိတို့တတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်းပညာများကို လက်တွေ့နယ်ပယ်တွင် ဆက်လက်အသုံးချရန်၊ အသစ်အသစ်သောနည်းပညာများကို လေ့လာသင်ယူရန်နှင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန်လိုအပ် ❞**

(ဂ) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမှသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအထိ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ ဖြစ်ပါသည်။

**တောပန်းလေးတို့အတွက်သင်တန်းအမျိုးအစားများ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများအနေဖြင့် စိုက်ပျိုးရေးသင်တန်း၊ မွေးမြူရေးနှင့် ကုသရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဒီဇယ်လျှပ်စစ်သင်တန်း၊ လက်သမားပန်းရန်သင်တန်း၊ အိမ်တွင်းမှုဆိုင်ရာသင်တန်းနှင့် အခြားသင်တန်းများ ဖြစ်ပါသည်။

**ပွင့်သောပန်းတိုင်း မွှေးကြိုင်စေလို**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝအတွက် များစွာအထောက်အကူဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အရင်းအနှီးငါးရပ်ဖြစ်သည့် လူသားအရင်းအနှီး၊ လူမှုအရင်းအနှီး၊ သဘာဝအရင်းအမြစ်အရင်းအနှီး၊ ရုပ်ဝတ္ထုပစ္စည်းအရင်းအနှီးနှင့် ငွေကြေးအရင်းအနှီးများကို ကျေးလက်ဒေသ

*စာမျက်နှာ ၇ သို့*

# မြတ်ဆရာသို့ ကန်တော့ပန်း

❖ နာသုံးနာကို ရင်မှာပိုက်ထား
ဆရာများသည် သွေးသားပမာ
တပည့်သာကြောင်း မေတ္တာလောင်း၍
လမ်းကောင်းညွှန်ပြ ဆိုဆုံးမ၏။

❖ ထိုမှတစ်ဖန် မြင်ပြန်သမျှ
ပြုပြင်ရပြီး သိပ္ပအတတ်
ချန်လှပ်မရှိ ကုန်စင်သိအောင်
ထားရှိမေတ္တာ ပေးဝေရှာသည်
မဟာစိတ်ထား ဆရာများ။

❖ မိဘအရိပ် သစ်ဝါးရိပ်ထက်
ခိုမိုတ်ဖွယ်ပ ပိုအေးမြ၏
ဆရာ့အရိပ် ပညာထိပ်ကြောင့်
ချွေးသိပ်ဆာယာ ပို၍သာ၏။

❖ ဆရာ့ထက်လွန် ပိုထူးချွန်မှ
သားမွန်တပည့် ဆိုနိုင်ဘိသို့
ထားရှိမေတ္တာ လမ်းညွှန်ရှာသည်
မဟာစိတ်ထား ဆရာများ။

❖ ယနေ့ကမ္ဘာ ကြည့်ရှုပါလော့
မဟာစိတ်ထား ဆရာများ၏
ထင်ရှားညွှန်းစု ဂုဏ်အထုကို
ဂုဏ်ပြုသောအား ဆရာများနေ့
နှလုံးမွေ့ဖို့ ကြုံတွေ့ခုခါ
ဝမ်းမြောက်စွာလျှင် လက်ဘဲ့ကျုံး
ကြာမုံဦးဖြင့်
ဦးခိုက်ပန်ထွာရပါသတည်း။

(၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)




## ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် (၅၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ( ပြည်တွင်းအဆင့်) ပထမဆုရရှိသော မပြုံးသက်ပိုင်ထွန်းအား ဂုဏ်ပြု

**စစ်တွေ အောက်တိုဘာ ၃**

ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် (၅၅)ကြိမ်မြောက် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရရှိသော စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မပြုံးသက်ပိုင်ထွန်းအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုပွဲနှင့်အတူ ဂုဏ်ပြုစကားဝိုင်းကို ကျင်းပရာ စစ်တွေတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကထိက ဒေါက်တာဝင်းထက်စံက ဦးဆောင်ဆွေးနွေးသူ (Moderator) အဖြစ် ဆောင်ရွက်ပြီး ပြည်နယ်အဆင့် အကဲဖြတ်အဖွဲ့ ဆရာ ဆရာမများနှင့် မပြုံးသက်ပိုင်ထွန်းတို့က ဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး၏ ဇနီးက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသော ဆရာ ဆရာမများနှင့် ဂုဏ်ပြုပွဲတွင် ဖျော်ဖြေကြသူများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းလေ့လာကြသည်။

ပုဂ္ဂလိကမွေးမြူရေးခြံများ၏ မွေးမြူထုတ်လုပ်မှု၊ အစာကျွေးမွေးမှုစနစ်များကို ကြည့်ရှုလေ့လာရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် နည်းပညာနှင့်အကူအညီများ စီမံဆောင်ရွက်ပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ထုတ်လုပ်မှုနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၃ ရက်က ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်ဘီးလင်းမှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်အောင်နိုင် အသိပညာပေး ဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)




ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီပိသာ ၈၀၃၀ အား ဈေးနှုန်းသက်သာစွာ ရောင်းချပေးမှုကို အောက်တိုဘာ ၃ ရက်က မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

ရဲကိုမောင်(ပြန်/ဆက်)



*စာမျက်နှာ ၆ မှ*

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တတ်စွမ်းသမျှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ အခွင့်အလမ်းများ၊ အသိပညာနှင့် လိုအပ်သည့်အထောက်အပံ့များ ပံ့ပိုးပေးခြင်းအားဖြင့် ကျေးလက်မြေမှ တောပန်းလေးများသည် တဖြည်းဖြည်း ပွင့်လန်းလာကြပါသည်။ သို့သော် ပန်းတစ်ပွင့်ပွင့်လန်းလာရုံနှင့် မပြီးသေးပါ။ ပွင့်လန်းပြီးသည့် ပန်းကလေးများ ရေရှည်မွှေးကြိုင်နေစေရန် မိမိတို့တတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်းပညာများကို လက်တွေ့နယ်ပယ်တွင် ဆက်လက်အသုံးချရန်၊ အသစ်အသစ်သော နည်းပညာများကို လေ့လာသင်ယူရန်နှင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

မသိမ့်သိမ့်မိုးကျော်၊ မသီတာဝင်းနှင့် ဒေါ်အေးအေးအောင်တို့၏ ဘဝဇာတ်လမ်းများက ထိုအချက်ကို သက်သေပြနေပါသည်။ အပ်ချုပ်စက်တစ်လုံးကို မနင်းတတ်သေးသည့်အခြေအနေမှ မိမိတို့၏ ကျွမ်းကျင်မှုဖြင့် မိသားစုဝင်ငွေကို ဖြည့်တင်းပေးနိုင်သည့် အမျိုးသမီးများအဖြစ်သို့ ရောက်ရှိလာကြခြင်းသည် သင်တန်းတစ်ခု၏တန်ဖိုးသာမက ကိုယ်တိုင်ကြိုးစားအားထုတ်မှု၏ တန်ဖိုးလည်းဖြစ်ပါသည်။

ထိုတောပန်းလေးများကဲ့သို့ ကျေးလက်ဒေသအသီးသီးတွင် ပွင့်လန်းလာမည့် အမျိုးသမီးများ၊ လူငယ်များနှင့် လုပ်သားများ ပိုမိုများပြားလာပါက ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ တစ်ဦးချင်းစီ၏ ဘဝတိုးတက်မှုမှတစ်ဆင့် မိသားစုတိုးတက်လာမည်၊ မိသားစုများ၏ တိုးတက်မှုမှတစ်ဆင့် ကျေးရွာနှင့် မြို့နယ်များ ဖွံ့ဖြိုးလာမည်၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နောက်ဆုံး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပွင့်လာပြီးသည့် ပန်းတိုင်းမညှိုးနွမ်းဘဲ မွှေးကြိုင်စွာ ဆက်လက်ပွင့်လန်းနိုင်ရေးအတွက် အခွင့်အလမ်းကို အကျိုးရှိရှိအသုံးချခြင်း၊ မိမိတတ်မြောက်ထားသည့် ပညာရပ်ကို အစဉ်လေ့လာမြှင့်တင်ခြင်းနှင့် ရိုးသားကြိုးစားစွာ လုပ်ကိုင်ခြင်းတို့ဖြင့် မိမိဘဝ၊ မိမိ မိသားစုနှင့် မိမိ ဒေသကို တိုးတက်အောင် တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုအခါ "ပွင့်သောပန်းတိုင်း မွှေးစေလို" ဟူသည့် ရည်ရွယ်ချက်သည် လက်တွေ့ဘဝတွင် အဓိပ္ပာယ် ပြည့်ဝလာမည် ဖြစ်ပါတော့သည်။ ။

❒ ❒ ❒



## အင်းဝရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း ဘုရား စေတီ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား စေတီ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် ရှေးဟောင်းမြို့ရိုး ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အင်းဝမြို့ဟောင်းစည်တိုပုံမြို့ရိုး (အနောက်တောင်ထောင့်မှ ရန်နိုမ်တံခါးပေါက်အထိ) Phase I ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းနှင့် အတွင်းနန်းတော် တံခါးနီတံခါးပေါက်နေရာ တူးဖော်သုတေသနပြုလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ အင်းဝရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းနှင့် ပြသထားသည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အင်းဝမြို့ဟောင်းရှိလောကသရဖူဘုရားကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းသည်။

လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဥဏှိဘ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပျဉ်ခွေတော် အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ကာ အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(တံတားဦး)ရှိ မြေနှစ်ဧကတွင် ငှက်ပျောပင် ၁၃၆၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စံနမူနာကောင်းများကို အတန်းများတွင် ပြန်လည်အသုံးချ၍ အခြေခံပညာကဏ္ဍ စစ်ဆေးအကဲဖြတ်သည့်စနစ် ပိုမိုကောင်းမွန်အောင် ကြိုးစားအားထုတ်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

Grade–5 နှင့် Grade–9 မေးခွန်းများကို ခရိုင်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြုစုပြီး စာမေးပွဲစစ်ဆေးကြရာတွင် ဒေသတစ်ခုနှင့်တစ်ခု မေးခွန်းအရည်အသွေးနှင့် စံနှုန်းကွာဟမှုမဖြစ်စေရေးကို အလေးထားဆောင်ရွက်ကြရန် လိုပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် နားလည်မှုနှင့် စံနှုန်းများကို ဆက်လက်မျှဝေပေးကြရန်နှင့် ရရှိလာသည့် စံနမူနာကောင်းများကို အတန်းများတွင် ပြန်လည်အသုံးချ၍ အခြေခံပညာကဏ္ဍ စစ်ဆေးအကဲဖြတ်သည့်စနစ် ပိုမိုကောင်းမွန်အောင် ကြိုးစားအားထုတ် ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုက်တွန်းပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hug တွင် ကျင်းပသည့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ပြီးမြောက်ခြင်း စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်း လမ်းညွှန်ချက်များ ရှင်းလင်းဆွေးနွေးခြင်း သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့တိုက်တွန်းပြောကြားခဲ့ပြီး သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းများသို့ သွားရောက်၍ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် ကျောင်းစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## အိမ်မဲမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်၍ ဘိုးဘွားရိပ်သာ၌ အာဟာရလှူဒါန်း

**အိမ်မဲ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဝင်းခိုင် ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် ယနေ့နံနက်ပိုင်းက အထက်ပိုင်းရပ်ကွက်ရှိ အထက(၁) ကျောင်းဝင်းအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြပြီး အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စုရှိ ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကာ ရိပ်သာရှိ အဘိုးအဘွားများအားကန်တော့၍ အားပေးစကားပြောကြားပြီး အားဖြည့် အချိုရည်၊ မုန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



## တမူးမြို့၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**တမူး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး



၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြုလုပ်ရာ တမူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူတို့က လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ လူမှုကွန်ရက်အသုံးပြုမှုနှင့် မြေမြှုပ်မိုင်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး မူးယစ်တပ်ဖွဲ့စုမှူးက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ တားဆီးကာကွယ်ရေးနှင့် ပြစ်မှုပြစ်ဒဏ်များ၊ အမှတ်(၁၁၂)ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောကြပြီး ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ ဦးစီးအရာရှိနှင့် ကုန်တင်ကုန်ချအလုပ်သမား ၉၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရတနာ(တမူး)**

## လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေး

**ကျောက်ဆည် အောက်တိုဘာ ၃**

လူမှုဖူလုံရေး ဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် (ငွေလုံး) ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က မန္တလေးလူမှုဖူလုံရေးတိုင်းရုံး၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံမှ အာမခံအလုပ်သမား ဦးသူထူးစံအား အလုပ်တွင်ထိခိုက်မှု ၄၀ ရာခိုင်နှုန်း၏ ၇ နှစ်စာအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၃၃၈၆၈၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## မိုးစပါး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ထွန်တုံးပိတ်ပွဲ ကျင်းပ

**ပေါင် အောက်တိုဘာ ၃**
မိုးစပါး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ထွန်တုံးပိတ်ပွဲကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ ကွင်းအမှတ် (၈၂၇-ခ)၊ တောင်သူ ဦးကျော်ကျော်ထွန်း၏ စိုက်ကွင်း၌ ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ခရိုင်ကိုယ်စားပြု ကောက်စိုက်အသင်းများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ဆုများ ပေးအပ်၍ **(အပေါ်ပုံ)** တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက်ဆင့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ကံဖြူကျေးရွာ ဦးဝင်းဇော်၏ ခြံဝင်းအတွင်း ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးပြီး နေအိမ်ခြံဝင်းအတွင်း မြေလွတ်မြေလပ်များတွင် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အတူ ကျိုက်ပွန်ကျေးရွာရှိ ဦးစိန်သန်း၏ ဥစားကြက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်း မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်အတွင်း သင့်တင့်သော ဈေးနှုန်းဖြင့် စားသုံးသူများထံ ရောင်းချပေးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လှိုင်ကော် အောက်တိုဘာ ၃**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လှိုင်ကော်မြို့အား ပြည်နယ်မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးသာမက ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးကိုပါ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နောင်ယား(ခ)ရပ်ကွက်ရှိ ကန္တရဝတီလမ်းတစ်လျှောက် စည်ပင်သာယာရေးဝန်ထမ်းများက မိုးကုန်ကာလတွင် ရေမြောင်းများအတွင်း သဲ၊ နုန်း၊ အမှိုက်သရိုက်များ ကင်းစင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ နောင်ယား(က) ရပ်ကွက်၌ အခြေခံပညာကျောင်းသား ကျောင်းသူများ အာဟာရဖြည့်စွက်စာ နွားနို့တိုက်ကျွေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နို့စားနွားကောင်ရေ ၂၆ ကောင် မွေးမြူရန် မွေးမြူရေးခြံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အဆောက်အအုံများ တည်ဆောက်ရာတွင် စနစ်ကျသည့် တည်ဆောက်မှုဖြစ်စေရန်၊ နွားမွေးမြူရေးခြံတွင်ပါဝင်ရမည့် လုပ်ငန်းစဉ်များ ပြည့်စုံစွာပါဝင်၍ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစွာရရှိစေရန်၊ လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးခြံပတ်ဝန်းကျင်ရှိ မြေလွတ်နေရာများတွင် နေပီယာမြက်များ စနစ်တကျ စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ စိုက်ပျိုးရေးဦးစီးဌာန၏ စံပြစိုက်ခင်း၌ ရာသီပေါ်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဆင့် ရေနီကန်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကြက်ကောင်ရေ ၁၅၀၀ ဆံ့ စံပြသရုပ်ပြ ဥစားကြက် မွေးမြူရေးခြံတစ်ခြံနှင့် ကြက်ကောင်ရေ ၂၅၀၀ ဆံ့ ဥစားကြက် မွေးမြူရေးခြံနှစ်ခြံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်၊ သတ်မှတ်ကြက်ကောင်ရေ ပြည့်မီစွာ ထည့်သွင်းမွေးမြူနိုင်ရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## သံဖြူဇရပ်၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သံဖြူဇရပ် အောက်တိုဘာ ၃**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်း



ကျောင်းအတွင်း၊ အပြင်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟအောင် ဦးဆောင်မှုဖြင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၂၆၀ ခန့်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

## တိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် စက်ယန္တရား၊ စက်သုံးဆီနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

**ထားဝယ် အောက်တိုဘာ ၃**
တိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူအင်အား၊ စက်ယန္တရား၊ စက်သုံးဆီနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ DDPC Shopping Centre ၌ တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပေါ်ရာ သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများကို ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးမည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ **(ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စုရပ်ဖြစ်သည့် ထားဝယ်မြို့ DDPC Shopping Centre ဝင်းအတွင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့်စက်ယန္တရားများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လောင်းလုံးမြို့သို့ ထွက်ခွာမှုကို ပို့ဆောင်နှုတ်ဆက်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်သို့မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကွပ်ကဲစီမံမှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့များရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ပို့ဆောင်ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းပေါ်တွင် ပြိုကျနေသည့် မြေကြီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသော နေရာများတွင် လမ်းလွှဲဆောင်ရွက်ပေးခြင်းအပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များ၊ ကူညီထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်လျက်ရှိပြီး ထားဝယ်၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်များရှိ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသော ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း-၁)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးသူတက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ရေးသားဆွေးနွေးလိုပါသည်။

**မောင်မြေပြု(ဆင်ပေါင်ဝဲ)**

မြန်မာနိုင်ငံ၏ ယခင်စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာမြောက် အစီအစဉ်တွင် အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ(National Agricultural Research Council-NARC) တည်ထောင်ရန်၊ သုတေသနများ၏ပြန့်ကျဲနေမှုကို လျှော့ချရန်၊ သုတေသနဌာနများကို ဂေဟစနစ်မတူညီသောဒေသ (Agro-ecological zones) အလိုက် ပြန်လည်ချိတ်ဆက်ရန်နှင့် National Agricultural Research, Education and Extension System-NARES အောက်တွင် သုတေသန-တောင်သူပညာပေး ပူးပေါင်းမှုများ တိုးမြှင့်ရန် အဆိုပြုထားပြီးဖြစ်ပါသည်။



အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့်ပညာရေးစနစ်။

အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ (ICAR – Indian Council of Agricultural Research)တွင်လည်း သုတေသန၊ စိုက်ပျိုးမွေးမြူပညာရေးနှင့် တောင်သူပညာပေးကို အမျိုးသားအဆင့် စုပေါင်းထားပြီး ဒေသပညာပေးစခန်း (KVK-Krishi Vigyan Kendra – Farm Center) များမှ On-farm Testing, Demonstration နှင့် Farmer Training များ ဆောင်ရွက်နေပါသည်။

**၁။ မူဝါဒဆိုင်ရာအခြေခံအယူအဆ**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားသုတေသန လုပ်ငန်းများ၊ တက္ကသိုလ်ပညာရေး၊ တောင်သူပညာပေးဝန်ဆောင်မှု၊ တောင်သူများနှင့် စိုက်မွေးထုတ်ကုန်များ ကူးသန်းရောင်းဝယ်ရေးကဏ္ဍများကို သီးခြားစီဆောင်ရွက်ခြင်းထက် National Agricultural Research and Education System – NARES အဖြစ် တစ်ခုတည်းသော အမျိုးသားတီထွင်မှုစနစ်အတွင်း ပေါင်းစပ်ချိတ်ဆက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ Agriculture Development Strategy(ADS) တွင်လည်း National Agricultural Research Council (NARC)တည်ထောင်၍ သီးနှံ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနများကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် Research-Extension ချိတ်ဆက်မှုများတိုးမြှင့်ရန် အဆိုပြုထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အိန္ဒိယမူဝါဒကို အခြေခံ၍ အမိနိုင်ငံအတွက် တီထွင်ဆန်းသစ်သော (Myanmar NARS+ ICAR-Inspired Coordination + Myanmar-Specific Implementation) စနစ်သည် မြန်မာနိုင်ငံအတွက် စဉ်းစားသင့်သော မူဘောင်တစ်ရပ် ဖြစ်နိုင်ပါသည်။

> **ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ဧရိယာတစ်ခုလျှင် အမြတ်ပိုတိုးလာခြင်းက စိုက်ဧရိယာတစ်ခုလျှင် အထွက်နှုန်းပိုတိုးလာခြင်းထက် ပိုမိုအရေးကြီးသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ သို့သော် အကောင်းဆုံးစိုက်ပျိုးရေးစနစ်မှာ "အမြတ်" နှင့် "အထွက်နှုန်း" နှစ်ခုလုံးကို မျှတစွာ၊ အချိုးညီစွာ ထိန်းထားနိုင်ခြင်းဖြစ်**

**၂။ ရှေ့ရေးအမြင်**

"သုတေသန၊ ပညာရေး၊ တောင်သူပညာပေး၊ တောင်သူနှင့် စီးပွားရေးကဏ္ဍတို့ ပေါင်းစပ်ချိတ်ဆက်၍ ထုတ်လုပ်မှု၊ ထုတ်ကုန်တန်ဖိုးနှင့် တောင်သူဝင်ငွေ တိုးတက်စေသော ခေတ်မီ၊ ယှဉ်ပြိုင်နိုင်ပြီး ရေရှည်တည်တံ့သော မြန်မာ့စိုက်ပျိုးမွေးမြူရေးစနစ် တည်ဆောက်ရန်" ရည်မှန်းထားရပါမည်။

**၃။ လက်တွေ့လုပ်ဆောင်ရန်လုပ်ငန်းများ**

မြန်မာနိုင်ငံ၏ သီးနှံဂေဟစနစ်ဇုန်များနှင့် စိုက်ပျိုးရေးကွင်းဆက်တန်ဖိုးများအလိုက်

(၃-က) အမျိုးသားအဆင့်စိုက်ပျိုးမွေးမြူရေးသုတေသနများကို ပေါင်းစပ်ညှိနှိုင်းရန်၊

(၃-ခ) စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်တက္ကသိုလ် (Agricultural Universities)များကို သုတေသနနှင့် တီထွင်ဖန်တီးရန် ဌာနနေရာ (Research-Innovation Centers) များအဖြစ် မြှင့်တင်ရန်၊

(၃-ဂ) သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းကို ခိုင်မာစွာ ချိတ်ဆက်ရန်၊

(၃-ဃ) တောင်သူအခြေပြု တီထွင်ဖန်တီးမှုစနစ် (Farmer-centered Innovation System) တည်ဆောက်ရန်၊

(၃-င) ပုဂ္ဂလိကကဏ္ဍနှင့် စိုက်ပျိုးမွေးမြူရေး ကူးသန်းရောင်းဝယ်ရေးစနစ်များ ပါဝင်မှု မြှင့်တင်ရန်၊

(၃-စ) ရာသီဥတု လိုက်လျောညီထွေဖြစ်သော၊ ဒီဂျစ်တယ်နှင့် တိကျသော စိုက်ပျိုးမွေးမြူရေးကို မြှင့်တင်ရန်၊

(၃-ဆ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု (Agricultural Human Resources Development) ကို အားကောင်းစေရန်၊

(၃-ဇ) သုတေသနတွေ့ရှိချက်များကို စီးပွားဖြစ်ပြုလုပ်နိုင်ရေးနှင့် ပို့ကုန်အဆင့်အထိ ချိတ်ဆက်ရန်တို့ ဖြစ်ပါသည်။

**၄။ အဓိကမူဝါဒသဘောတရား**

သုတေသန →ပညာရေး →တောင်သူပညာပေး →လက်တွေ့ပြုလုပ်မည့် တောင်သူများ →ကူးသန်းရောင်းဝယ်ရေး → ဈေးကွက် → နိုင်ငံခြားပို့မှုကို အဓိက Value Chain အဖြစ် သတ်မှတ်သင့်ပါသည်။

သို့သော် ရိုးရာပုံစံ— သိပ္ပံပညာရှင် → သုတေသနဌာန → တောင်သူပညာပေးမှု → လက်တွေ့ကျင့်သုံးမည့်တောင်သူများ တစ်ခုတည်းမဟုတ်ဘဲ— တောင်သူ လက်တွေ့ပြဿနာများ → သုတေသန → တက္ကသိုလ် → ပုဂ္ဂလိကကဏ္ဍ → ကွင်းဆင်းစမ်းသပ်မှု → တောင်သူ၏တုံ့ပြန်မှု → အကျိုးပြုတိုးတက်မှု → စီးပွားဖြစ်ပြုလုပ်ခြင်း → စကေးချမှတ်ခြင်းဟူသော နှစ်ဖက်သွားတီထွင်မှုစနစ်ဖြစ်သင့်ပါသည်။

ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ဧရိယာတစ်ခုလျှင် အမြတ်ပိုတိုးလာခြင်းက စိုက်ဧရိယာတစ်ခုလျှင် အထွက်နှုန်းပိုတိုးလာခြင်းထက် ပိုမိုအရေးကြီးသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ သို့သော် အကောင်းဆုံးစိုက်ပျိုးရေးစနစ်မှာ "အမြတ်" နှင့် "အထွက်နှုန်း" နှစ်ခုလုံးကို မျှတစွာ၊ အချိုးညီစွာ ထိန်းထားနိုင်ခြင်းဖြစ်ပါသည်။ ။

---



## ချစ်နိုင်(စိတ်ပညာ)၏ ဘဝနေနည်းစာအုပ် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၆ ခုနှစ် စက်တင်ဘာတွင် သူ၏(၁၃၃)အုပ်မြောက် စာအုပ်အနေဖြင့် "ဘဝနေနည်း" စာအုပ်ကို ရေးသားထုတ်ဝေလိုက်ပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က ဆရာချစ်နိုင် (စိတ်ပညာ)အား စာပေအနုပညာ စွမ်းဆောင်ရည်အတွက် "အလင်္ကာကျော်စွာဘွဲ့" ချီးမြှင့်ဂုဏ်ပြုခဲ့သည်။




စာနယ်ဇင်းများတွင် အဆက်မပြတ်ရေးသားခဲ့သော သူ၏ ဆောင်းပါး ပေါင်းချုပ်ဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတကာနှင့် ပြည်တွင်းအခြေအနေဖြစ်ပေါ် ပြောင်းလဲမှုများကို ထင်ဟပ်သုံးသပ်၍ ရေးသားထားသဖြင့် ခေတ်မီလတ်ဆတ်သည်။ အကြောင်းအရာ၏ ကောင်းခြင်း၊ စေတနာ ရည်ရွယ်ချက်မြင့်မားခြင်း၊ စကားပြောအရေးအသားချောမောခြင်းအပြင် အဝေးကြည့်မှန်ပြောင်းဖြင့် လည်းကောင်း၊ အနီးကြည့် မိုက်ခရိုစကုပ်ဖြင့် လည်းကောင်း ထင်ရှားရှင်းလင်းအောင် အနုပညာပါပါ ရေးသားဖော်ပြတတ်သဖြင့် ၃၁ ပုဒ် ပါဝင်ပြီး စာမျက်နှာ ၂၅၀ ပါရှိသည့် ဆောင်းပါးပေါင်းချုပ် စာအုပ်သည် ယနေ့မြန်မာလူငယ်များအတွက် အရသာပြည့်ဝသော စာပေအာဟာရ ဖြစ်ကြောင်း တွေ့ရပေသည်။ စာကြည့်တိုက်များတွင်ထားရှိသင့်သော စာအုပ်မျိုးဖြစ်သည်ဟု ဆိုရပါမည်။

အဆိုပါစာအုပ်ကို နိုင်စာပေ အမှတ် (၁၅၀) ရတနာလမ်း ရတနာအိမ်ရာ သာကေတ ရန်ကုန် ဖုန်း-၀၉၄၄၄၆၈၈၆၃၄၊ ၀၉-၅၅၀၃၂၅၄ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ **သတင်းစဉ်**

---

## မအူပင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အလှူငွေများလှူဒါန်း

**မအူပင် အောက်တိုဘာ ၃**

မအူပင်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၁ ရက်က မအူပင်ဘိုးဘွားရိပ်သာ၌ ဆောင်ရွက်ရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့တို့က မအူပင်ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းနှင့် ဘိုးဘွား ၃၈ ဦးအား တစ်ဦးလျှင်



ငွေကျပ် နှစ်သောင်းနှုန်း လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မအူပင်ဘိုးဘွားရိပ်သာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဇနီးတို့က ငွေကျပ်သုံးသိန်း၊ ဦးမြစိုး (ကျော်ကမ္ဘာမိသားစု)မှ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက မအူပင်ခရိုင်အတွင်းရှိ သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။အောင်မြင့်မြတ်(မြန်/ဆက်)

---

**ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို လေ့လာသိရှိနိုင်စေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော် လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများ သိရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရတနာဒီပ)နှင့် အဝါရောင်မျိုးဆက်သစ်မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း (YGW)၊ ဇမ္ဗူသီရိမြို့နယ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း(N.E.G)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ထို့နောက် ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများအား လေ့လာကြည့်ရှုကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်ပေးရာတွင် မကွေးမြို့ သင်ကြားရေးဆေးရုံကြီးမှ အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မျက်စိ၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်၊သွားနှင့်ခံတွင်း စသည့် ဘာသာရပ် ရှစ်ခုမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့်ကျန်းမာရေးဝန်ထမ်းများက ကုသရေးဦးစီးဌာန၏ မူဝါဒများနှင့်အညီ ဆေးရုံအခြေပြု ကုသရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးကြကြောင်း သိရသည်။

အဆိုပါ ဆေးကုသမှုပြုလုပ်ရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦး၊ သင်ကြားရေးဆေးရုံကြီး(မကွေးမြို့) ဆေးရုံအုပ်ကြီး ဒေါက်တာ နေလင်း၊ ရဲမှူးစိန်ဝင်း၊ မင်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝဏ္ဏတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆေးကုသမှုများ ပြုလုပ်ပေးရာတွင် အထွေထွေရောဂါလူနာ ၁၄၄ ဦး၊ ခွဲစိတ်လူနာ ၃၂ ဦး၊ သားဖွားမီးယပ်လူနာ ၂၂၅ ဦး၊ ကလေးလူနာ ၂၅ ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာလူနာ ၁၄၁ ဦး၊ မျက်စိလူနာ ၁၂၆ ဦး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်လူနာ ၂၁ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၈ ဦး စုစုပေါင်းလူနာဦးရေ အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၅၅၀ တို့ကို ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့ပြီး မင်းလှမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၃-၁၀-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၃၇.၆ | ၉၉.၇ |
| ၂။ | သာစည်(လှိုင်းတက်) | ၃၇.၀ | ၉၈.၆ |
| ၃။ | အောင်လံမြို့ | ၃၆.၈ | ၉၈.၂ |
| ၄။ | ညောင်ဦးမြို့ | ၃၆.၇ | ၉၈.၁ |
| ၅။ | မင်းဘူးမြို့ | ၃၆.၆ | ၉၇.၉ |
| ၆။ | ပခုက္ကူမြို့ | ၃၆.၅ | ၉၇.၇ |
| ၇။ | ပြည်မြို့ | ၃၆.၄ | ၉၇.၅ |
| ၈။ | မကွေးမြို့ | ၃၆.၄ | ၉၇.၅ |
| ၉။ | ခရမ်းမြို့ | ၃၆.၂ | ၉၇.၂ |
| ၁၀။ | မြင်းခြံမြို့ | ၃၆.၁ | ၉၇.၀ |

❍ *ရှေ့ဖုံးမှ*

လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ကြည့်ရှုစဉ် ရေပြန်လည်ကျဆင်းပြီဖြစ်သဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပုံမှန်အတိုင်းပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ရေကျော်စီးဝင်ပြီး စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား ကျောင်းသူများ၏ သင်ခန်းစာများ နောက်ကျမှုမရှိစေရေးနှင့် ပြန်လည်အစားထိုး သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း အားပေးပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းသင်ကြားပေးနေသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ရေသန့်စက်၊ ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ကလည်း ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ကျင်းပခဲ့သည့် ရေလွှမ်းဒေသရှိ မိုးစပါးပြန်လည်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ၊ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ရှိ အုတ်ပုံရိုး ရေထွက်မြောင်း တိုးချဲ့ဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းသဖြင့် ငါးသိုင်းချောင်းမြို့ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုနှင့် ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ ကြပ်ကွင်းကျေးရွာတွင် စပါးပြန်လည်စိုက်ပျိုးမည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရှမ်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ် သင်ကြားနေမှု၊ အိုင်သပြုကျေးရွာတွင် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စပါးစိုက်တောင်သူများအတွက် စပါးမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ လေးမျက်နှာမြို့အတွင်း ရေများမကျန်ရှိစေရေးအတွက် မြို့ပတ်တာတွင် ရေမြောင်းတူးဖော်၍ ရေဖောက်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လေးမျက်နှာမြို့ အမှတ် (၄) ရပ်ကွက်ရှိ အောင်မင်္ဂလာဈေး ရောင်းဝယ်ဖောက်ကားနေမှု၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❊ *ရှေ့ဖုံးမှ*

ယမန်နေ့ ညနေပိုင်းကလည်း ဒုတိယဝန်ကြီးသည် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွက်စေတနာထားကာ အကောင်းဆုံးကြိုးစား ဆောင်ရွက်သွားကြရန်၊ အစိုးရယန္တရားများ စနစ်တကျလည်ပတ်နိုင်ရန်၊ အခြေခံအဆောက်အအုံများနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မိုးတွင်းကာလတွင် ပျက်စီးနေသည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းဖြင့် သွားလာရေးမြန်ဆန်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်မှုကို စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီး၊ ယာယီဆေးရုံ၌ ပြင်ပလူနာဌာန၊ ယာယီခွဲစိတ်ခန်း ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန် တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာရာတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မင်းမင်းလှိုင်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုက်ကရိုဖလင်ရိုက်ကူးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ သုတေသီအထောက်အကူပြုလုပ်ငန်းနှင့် မော်ကွန်းပြခန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပြိုင်ပွဲများကျင်းပ၍ အမှတ်တရလက်ဆောင်များကို ပေးအပ်ခဲ့သည်။ **ခိုင်ဇာလင်း(ပြန်/ဆက်)**

အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ

ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်**

**တောတွင်းသစ်ပင်၊ အကုန်စုပ်**

**တို့တွေရှူသွင်း၊ လေသန့်ရှင်း**

**မခြွင်းရမှာ၊ တောကသာ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression) ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်- မြိတ်- တနင်္သာရီ -ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

**အင်တိုက်အားတိုက်ကူညီဆောင်ရွက်**

အဆိုပါရေကြီးမှုကြောင့် ထားဝယ်-လောင်းလုံးလမ်းပေါ်ရှိ ပြိုကျနေသော မြေကြီးများအားဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပါဝင်သော ကူညီကယ်ဆယ်ရေးပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မှ စတင်ထွက်ခွာခဲ့ရာ ထားဝယ်-လောင်းလုံးမြို့လမ်းတစ်လျှောက်ရှိ လမ်းပေါ်သို့ ပြိုကျနေသော မြေကြီးများအား စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များအား ရှင်းလင်းပေးခြင်း၊ လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖန်တီးပေးလိုက်သည့်ဘောလုံးကို မက်အော်က ဘယ်ခြေဖြင့်အဆုံးသတ်ကာ ဟောင်ကောင်အတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဟောင်ကောင်အသင်း ပြိုင်ပွဲကို ဆက်လက် ထိန်းချုပ်နိုင်ခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် ကမ္ဘောဒီးယားနောက်ခံကစားသမား၏ ပြစ်ဒဏ်ဘောကျူးလွန်မှုကို ကွင်းလယ်ဒိုင်က VAR ပြန်လည်ကြည့်ရှုကာ ဟောင်ကောင်အသင်းကို ပယ်နယ်တီပေးခဲ့သည်။ ရရှိခဲ့သည့်ပယ်နယ်တီကို အဲဗာတန်ကာမာဂိုက ဒုတိယအနိုင်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။

ကမ္ဘောဒီးယားအသင်း ချေပဂိုးရရှိရေးအတွက် လူစားလဲမှုများပြုလုပ်ကာ တုံ့ပြန်တိုက်စစ်ဆင်ခဲ့သော်လည်း ဂိုးပေါက်လွဲချော်မှုများကြောင့် ဂိုးမရရှိခဲ့ပေ။ ဟောင်ကောင်အသင်းသည် လက်ကျန်မိနစ်များကို ပွဲချိန်ပြည့်သည်အထိ ထိန်းသိမ်းကစားသွားခဲ့ပြီး ကမ္ဘောဒီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ချန်ပီယံဆုကို ဆွတ်ခူးရယူသွားခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

❒ *ကျောဖုံးမှ*

မွန်းလွဲ ၂ နာရီခွဲတွင် FFU Minmahaw နှင့် Pacific Sun Far အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ညနေ ၄ နာရီပွဲစဉ်အဖြစ် Bushido FC နှင့် Shwe Pyi Thar Utd အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁၁) အပြီးတွင် SGF YOUTH FC က ရမှတ် ၃၁ မှတ်ဖြင့် ဇယားထိပ်မှ ဆက်လက်ဦးဆောင်နေပြီး Victoria FC က ရမှတ် ၂၈ မှတ်ဖြင့် ဒုတိယ၊ Mahar Burma FC နှင့် FFU Minmahaw FC တို့က ရမှတ် ၂၁ မှတ်စီဖြင့် အဆင့် (၃) နှင့် (၄) နေရာတို့တွင် ရပ်တည်ခဲ့သည်။

Pacific Sun Far FC က ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၅)၊ United City FC နှင့် Avengers Junior FC တို့က ရမှတ် ၁၈ မှတ်စီဖြင့် အဆင့် (၆)နှင့် (၇)၊ Jullniss FC က ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၈)၊ TKA Stars FC က ရမှတ် ၁၅ မှတ်ဖြင့် အဆင့် (၉) နေရာတို့၌ အစဉ်လိုက်ရပ်တည်ခဲ့သလို Bushido FC က ရမှတ် ၄ မှတ်ဖြင့် အဆင့် (၁၀)၊ Shwe Pyi Thar UTD FC က ရမှတ် ၃ မှတ်ဖြင့် အဆင့် (၁၁) နှင့် Mar Rein FC က ရမှတ်တစ်မှတ်ဖြင့် အဆင့် (၁၂) နေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြသည်။

**နေမျိုး**
**ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

MIU FC အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၂၂ ဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး Pacific Sun Far အသင်းနှင့် YCDC Dream Team အသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

မွန်းလွဲပိုင်း ပွဲစဉ်များတွင် ULAD FC အသင်းက JV FCအသင်းကို ကိုးဂိုး- သုံးဂိုး၊ YRG FC အသင်းက Gold Dream FC အသင်းကို လေးဂိုး-တစ်ဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက Burmese Warriors FC အသင်းကို လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၁၂)အပြီးတွင် Pacific Sun Far FC က ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားပြီး MIU FC က ၃၁ မှတ် အဆင့်(၂)၊ YRG FC က ၃၁ မှတ် အဆင့်(၃-ဂိုးကွာခြားချက်)၊ ULAD FC က ၂၄ မှတ် အဆင့်(၄)၊ YCDC Dream Team က ၂၃ မှတ် အဆင့်(၅)၊ Gold Dream FC က ၁၈ မှတ် အဆင့်(၆)၊ JV FC က ၁၆ မှတ် အဆင့် (၇)၊ Royal NOKA FC က ၁၂ မှတ်ဖြင့် အဆင့်(၈)၊ United City FC က ၁၂ မှတ် အဆင့် (၉)၊ ရွှေပြည်သာယူနိုက်တက်က ၇ မှတ် အဆင့် (၁၀)၊ မင်္ဂလာဒုံ FC က ၃ မှတ် အဆင့် (၁၁)နှင့် ရမှတ် ၁ မှတ်ရရှိသည့် Burmese Warriors FC က အဆင့်(၁၂) နေရာတွင် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

✻ *ကျောဖုံးမှ*

မြန်မာအသင်းက တတိယဆုများကို လည်းကောင်း၊ အောက်တိုဘာ ၃ ရက်မှ ယနေ့အထိ ကျင်းပခဲ့သည့် အမျိုးသား/အမျိုးသမီး အလွတ်တန်း ၁၀ တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ ဟန်ဂေရီအသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုများကို လည်းကောင်း၊ အမျိုးသား အလွတ်တန်း ၁၀ တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ယူကရိန်းအသင်းက တတိယဆု များကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး အလွတ်တန်း ၁၀ တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် စပိန်အသင်းက တတိယဆုများကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် အာရှအဆင့် အင်အားကြီးနိုင်ငံများအပါအဝင် အရှေ့တောင်အာရှအဆင့်နိုင်ငံများဖြစ်သော ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားပြီး ယခု တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့်(World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် စုစုပေါင်း ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် လေးခုဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကိုရယူပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# အရန်ရေနံစည် သန်း ၁၀၀ ထုတ်ယူသုံးစွဲရန် G7 နိုင်ငံများ သဘောတူ




**လန်ဒန် အောက်တိုဘာ ၃**

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုများကြောင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်နေချိန်တွင် G7 နိုင်ငံများသည် နိုင်ငံတကာစွမ်းအင်အေဂျင်စီ (IEA) မှတစ်ဆင့် လေးလတာကာလအတွင်း အရန်ရေနံစည်ပေါင်း သန်း ၁၀၀ ထုတ်ယူသုံးစွဲရန် သဘောတူလိုက်ကြောင်း သိရသည်။

G7 ခေါင်းဆောင်များသည် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့စွမ်းအင်စနစ်များ ပိုမိုအားကောင်းလာစေရန် ကတိပြုကြောင်း ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ G7 အဖွဲ့ဝင်နိုင်ငံများနှင့် မဟာမိတ်နိုင်ငံများသည် ပထမဆုံးရက်ပေါင်း ၂၀ အတွင်း ဒီဇယ်ဆီများကို ပမာဏအများအပြား ထုတ်ယူဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် G7 ခေါင်းဆောင်များသည် စွမ်းအင်တင်ပို့မှုအပေါ် ကန့်သတ်ချက်များမထားရှိရန် သဘောတူခဲ့ကြပြီး ဈေးကွက်မတည်ငြိမ်မှုကို ပိုမိုဆိုးရွားသွားစေမည့် လုပ်ဆောင်မှုများကိုလည်း ရှောင်ကြဉ်ကြရန် ထုတ်လုပ်သူများကို တောင်းဆိုထားသည်။ IEA သည် မတ်လတွင် ရေနံစည်ပေါင်း သန်း ၄၀၀ ထုတ်ယူဖြန့်ဖြူးရန် သဘောတူခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တူကီယဲနှင့် အီရတ်တို့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးချဲ့မည်

**အန်ကာရာ အောက်တိုဘာ ၃**

တူကီယဲနှင့် အီရတ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍစီမံကိန်းများတွင် တိုးတက်မှုရှိစေရန် ပူးတွဲလုပ်ငန်းအဖွဲ့ကိုစတင်ရန် စီစဉ်ထားသည်ဟု တူကီယဲ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး အယ်လ်ဖာဆလင် ဘေရက်ထာက အောက်တိုဘာ ၂ ရက်တွင် ပြောသည်။ အဆိုပါစီမံကိန်းများတွင် ကီရာကွတ်-ဆီဟန် ရေနံပိုက်လိုင်းကို ဘတ်စ်ရာအထိ တိုးချဲ့ခြင်းလည်း ပါဝင်သည်။

အီရတ် ရေနံဝန်ကြီး ဘာဆင်မိုဟာမက်ကုဒ်ဟဲနှင့် အန်ကာရာမြို့၌ အစည်းအဝေးပြုလုပ်ပြီးနောက် ကီရာကွတ်-ဆီဟန် ရေနံပိုက်လိုင်းကို အီရတ်နိုင်ငံတောင်ပိုင်းဘတ်စ်ရာပြည်နယ်အထိ တိုးချဲ့ရန် နှစ်ဖက်စလုံးက ဆွေးနွေးခဲ့ကြသည်ဟု အယ်လ်ဖာဆလင်ဘေရက်ထာက ပြောသည်။ အဆိုပါအစီအစဉ်မှာ ပင်လယ်ကွေ့ဒေသနှင့် ဟော်မုဇ်ရေလက်ကြားအတွက် ခိုင်မာသောရွေးချယ်စရာလမ်းကြောင်းတစ်ခု တည်ထောင်ရန်အတွက် အရေးကြီးကြောင်း ၎င်းက ပြောသည်။

အီရတ်နှင့် တူကီယဲတို့သည် ကီရာကွတ်-ဆီဟန်ပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းတင်ပို့မှုကိုမြှင့်တင်ရန် ဩဂုတ် ၁ ရက်တွင် တစ်နှစ်သက်တမ်းရှိ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တစ်နေ့လျှင် ရေနံစည် ၇၅၀၀၀၀ အထိ စီးဆင်းရန် ရည်မှန်းထားသည်။ **ဆင်ဟွာ**

# အာကာသအတွင်း AI ချစ်ပ်များ၏ လုပ်ဆောင်နိုင်မှုစမ်းသပ်ရန် ဂြိုဟ်တုကို ဂူဂဲလ်လွှတ်တင်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၃**

ဂူဂဲလ်ကုမ္ပဏီသည် ၎င်းတို့၏ Tensor Processing Units (TPUs) များ အာကာသအတွင်း မည်သို့အလုပ်လုပ်သည်ကို အကဲဖြတ်ရန် ကြာသပတေးနေ့က ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရှေ့ပြေးပုံစံဂြိုဟ်တုတစ်လုံး လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် Google ၏ TPUs ချစ်ပ်လေးခု တပ်ဆင်သယ်ဆောင်ကာ SpaceX ၏ Transporter-18 rideshare မစ်ရှင်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တုနှင့် အဆက်အသွယ်ရရှိပြီး မျှော်မှန်းထားသည့်အတိုင်း လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း ဂူဂဲလ်က ပြောသည်။

လာမည့်သီတင်းပတ်များအတွင်း ဂူဂဲလ်သည် ကမ္ဘာပတ်လမ်းအတွင်း အချက်အလက်များကို စုစည်းသွားမည်ဖြစ်ပြီး TPUs များ၏ ရုပ်ပိုင်းဆိုင်ရာဖိအားများ၊ ဓာတ်ရောင်ခြည်နှင့် အပူချိန်အလွန်အမင်းပြင်းထန်မှုတို့ကို မည်သို့ကိုင်တွယ်နိုင်သည်ကို လေ့လာသွားမည်ဖြစ်သည်။ ထိုအချက်အလက်များကိုအသုံးပြု၍ အနာဂတ်တွင် နောက်ထပ်ဒီဇိုင်းများ မည်သို့တည်ဆောက်သွားမည်ကို ကုမ္ပဏီက ဆုံးဖြတ်သွားမည်ဖြစ်သည်။




ကမ္ဘာအနီးပတ်လမ်းကြောင်းတွင် ဂြိုဟ်တုများသည် နေရောင်ခြည်ကို စဉ်ဆက်မပြတ်ရရှိနိုင်ပြီး ကမ္ဘာမြေပြင်ထက် ဆိုလာစွမ်းအင်ကို ရှစ်ဆပိုမိုအသုံးပြုနိုင်သည်ဟု ဂူဂဲလ်က ပြောသည်။ **ဆင်ဟွာ**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ဒေါ်လာသန်း ၁၆၀ အား နိုင်ငံနှင့် ဒေသ ၁၂ ခုသို့ ကုလခွဲဝေပေး

**ဂျီနီဗာ အောက်တိုဘာ ၃**

ကုလသမဂ္ဂသည် ဆိုးရွားစွာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များကြုံတွေ့နေရသည့် နိုင်ငံနှင့် ဒေသ ၁၂ ခုအတွက် အသက်ကယ်အကူအညီများပံ့ပိုးပေးရန် အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကို ခွဲဝေပေးခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

ဗဟိုအရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ အာဖဂန်နစ္စတန်၊ ဘာကီနာဖာဆို၊ ကင်မရွန်း၊ ချဒ်၊ ကျူးဘား၊ မာလီ၊ နိုင်ဂျာ၊ ပါလက်စတိုင်းနယ်မြေ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်နှင့် ယီမင်နိုင်ငံတို့အတွက် ဒေါ်လာသန်း ၁၅၀ ခွဲဝေထားကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး (OCHA) က ပြောကြားသည်။

နောက်ထပ် ဒေါ်လာ ၁၀ သန်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေ ၁၂ ခုရှိ မသန်စွမ်းသူများ၏ အရေးပေါ်လိုအပ်ချက်များကိုဖြေရှင်းရန် လျာထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောကြားသည်။

ရန်ပုံငွေသည် ယခုနှစ်အတွင်း အပြင်းထန်ဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ရင်ဆိုင်နေရသည့် လူ ၈၇ သန်းထံ အကူအညီများရောက်ရှိရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အဆိုပါရုံးက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၏ ဆားလိုအပ်ချက် ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်း

**ကဘူးလ် အောက်တိုဘာ ၃**

အာဖဂန်နစ္စတန် နိုင်ငံသည် ပြည်တွင်း ဆားလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်ပြီဖြစ်သဖြင့် နိုင်ငံရပ်ခြားမှ ဆားတင်သွင်းရန် မလိုအပ်တော့ကြောင်း ဘခ္တာသတင်းအေဂျင်စီက အောက်တိုဘာ ၃ ရက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း နှစ်စဉ် ဆားတန်ချိန် ၃၀၀၀၀၀ ဝန်းကျင်လိုအပ်ရာ ယခုနှစ်တွင် တန်ချိန် ၃၄၄၀၀၀ ထုတ်လုပ်နိုင်သည်ဟု အဆိုပါ သတင်းအေဂျင်စီက ဖော်ပြထားသည်။

ဆားသတ္တုတွင်း ၁၄ ခုမှ ထုတ်ယူရရှိသော ဆားများကို ပြည်တွင်း၌ပင် ပြုပြင်ထုတ်လုပ်ကာ ထုပ်ပိုးဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အနာဂတ်တွင် ပြည်ပသို့ ဆားတင်ပို့နိုင်ရေး နည်းလမ်းများ စဉ်းစားနေကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**



# တင်းမာမှုများ ရှောင်ရှားကြရန် အာဖရိကဦးချိုဒေသနိုင်ငံများအား ကုလအကြီးအကဲ တောင်းဆို

**နယူးယောက် အောက်တိုဘာ ၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် တင်းမာမှုများမြင့်တက်စေနိုင်သည့် လုပ်ဆောင်မှုများကို ရှောင်ရှားကြရန် အာဖရိကဦးချိုဒေသနိုင်ငံများအား အောက်တိုဘာ ၂ ရက်တွင် တောင်းဆိုထားသည်။

ဒေသတွင်းစည်းလုံးညီညွတ်မှု၊ တွေ့ဆုံဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရေးတကြီးလိုအပ်နေသည့်အချိန်တွင် အာဖရိကဦးချိုဒေသနိုင်ငံများအကြား တင်းမာမှုများမြင့်တက်လာမှုအပေါ် ကုလသမဂ္ဂအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ စတက်ဖန် ဒူဂျာရစ်က ပြောသည်။

ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်နှင့် တင်းမာမှုများ ပိုမိုဆိုးရွားသွားစေနိုင်သည့် မည်သည့်လုပ်ဆောင်မှုများကိုမဆို ရှောင်ရှားကြရန် ဂူတာရက်စ်က အာဖရိကဦးချိုဒေသနိုင်ငံအားလုံးကို တောင်းဆိုထားသည်။ ထို့အပြင် သဘောထားကွဲလွဲမှုများကို တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ကြရေး ကတိပြုကြရန်လည်း တောင်းဆိုထားသည်။ **ဆင်ဟွာ**

# လော့စ်အိန်ဂျလိစ်မြို့ရှိ တက္ကသိုလ်ပရဝဏ်အနီး သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၃**

လော့စ်အိန်ဂျလိစ်မြို့ရှိ တက္ကသိုလ်ပရဝဏ်အနီးတွင် အောက်တိုဘာ ၂ ရက် ညပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံးကြောင်း New York Post သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါဖြစ်ရပ်ကြောင့် လူပေါင်း ဒါဇင်နှင့်ချီ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုမှာ ကယ်လီဖိုးနီးယားပြည်နယ် တက္ကသိုလ်နေ့သင်ရစ်နှင့် မလှမ်းမကမ်းရှိ လူသိများသည့် ဈေးဝယ်စင်တာ ယူနီဗာစီတီပလာဇာ၌ ည ၁၁ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပလာဇာအဆောက်အအုံ အပြင်ဘက်တွင် လူပေါင်း ဒါဇင်နှင့်ချီ ဖမ်းဆီးထိန်းသိမ်းထားကြောင်းနှင့် ထုတ်ပြန်ချက်အရ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ထိန်းသိမ်းခံရသူအများစုမှာ အနီးဝန်းကျင်ရှိ ညှော်ခန်းတွင် ရှိနေခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သံသယရှိသူတစ်ဦးဦးကို ဖော်ထုတ်နိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တူကီယဲနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး ၉၈၆ ကီလိုဂရမ်ခန့် သိမ်းဆည်းရမိ

**အန်ကာရာ အောက်တိုဘာ ၃**

တူကီယဲနိုင်ငံတစ်ဝန်း မကြာသေးမီက စစ်ဆင်ရေးများအတွင်း မူးယစ်ဆေးဝါး ၉၈၆ ကီလိုဂရမ်ခန့်နှင့် မူးယစ်ဆေးပြား ၁ ဒသမ ၅၄ သန်းနီးပါးကို သိမ်းဆည်းရမိခဲ့ကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

ပြည်နယ်ရဲတပ်ဖွဲ့ဌာနများသည် လုံခြုံရေးအထွေထွေညွှန်ကြားမှုဦးစီးဌာန၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန၊ ပြည်သူ့ရှေ့နေချုပ်ရုံးများနှင့်ပူးပေါင်း၍ ပြည်နယ် ၇၅ ခုတွင် စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါစစ်ဆင်ရေးအတွင်း သံသယရှိသူ စုစုပေါင်း ၁၂၉၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

## နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိ

နေပြည်တော် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ ကျင်းပပြုလုပ်ရာ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၆ ဂိုး-၅ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း နေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံး ကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော် (ရေ)မှ အရာရှိကြီးတစ်ဦးက ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အမျိုးသား/ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသားလုံ့တံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အမျိုးသားခတပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများ အပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးတစ်ဦးနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီးပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီးအုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဓားတစ်လက်အတိုက် ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားဓားတစ်လက်အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီးဓားတစ်လက်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ (၅၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိစစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ (၅၀) ကီလိုတန်း(က) အဆင့်၊ (၅၄)ကီလိုတန်းနှင့် (၇၁)ကီလိုတန်း အလွတ်တန်းအဆင့်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့်အုပ်စုပတ်လည် ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း



နေပြည်တော် အောက်တိုဘာ ၃

**ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာ၊ ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ မြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။**

အဆိုပါ ငဝန်မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၉ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၉ လက်မခန့်နှင့် ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၄ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ခြေစွမ်းသာသော်လည်း အီတလီကို သရေကျခဲ့သည့် နာမည်ကြီး ပြင်သစ်

နေ့ရှင်းလိဂ်ပြိုင်ပွဲမှ အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်နှင့် အီတလီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အသင်းကြီး နှစ်သင်း တွေ့ဆုံမှု ဖြစ်သောကြောင့် အကြိတ်အနယ်ရှိပြီး နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။



နည်းပြ ဇီဒန်း၏ ပြင်သစ်အသင်းသည် အီတလီအသင်းထက် ဘောလုံးပိုင်ဆိုင်မှုနှင့် ဂိုးပေါက်တည့်မတ်မှု ပိုမိုများပြားခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သော ဘိုင်ယန်မြူးနစ်ကစားသမား အိုလီဆေးသည် ယခုနှစ်တွင် ပြင်သစ်အသင်းတွင် ၁၅ ပွဲ ပါဝင်ကစားထားပြီး သွင်းဂိုး ၁၄ ဂိုးအထိ ရှိလာပြီဖြစ်သည်။

ပြင်သစ်အသင်းသည် ပွဲချိန် ၈၅ မိနစ်တွင် ခံစစ်ကစားသမား အူပါမီကာနို အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပြင်သစ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေသည်။

အခြားပွဲစဉ် ရလဒ်များတွင် ဘယ်လ်ဂျီယံက တူကီယဲကို သုံးဂိုး-ဂိုးမရှိ၊ ဟန်ဂေရီက ဂျော်ဂျီယာကို တစ်ဂိုး- ဂိုးမရှိ၊ ပိုလန်က အဓိက တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီး ဟက်ထရစ်သွင်းဂိုးနှင့်အတူ ရိုမေးနီးယားကို ခြောက်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဘော့စနီးယားနှင့် ဆွီဒင်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **အောင်ဇော်**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# စက်တင်ဘာ ၂၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကိုယ်စား ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးနှစ်စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြအပ်ပါသည်။

ဤစီမံကိန်းသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းတို့မှသည် ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပို့ကုန်တင်ပို့ခြင်းအထိ ဆန်စပါးလုပ်ငန်းကွင်းဆက်အားလုံး ပါဝင်မည်ဖြစ်ပါသည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထွက်ကုန်များကို အကျိုးရှိစွာ အသုံးပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကဏ္ဍတစ်ခု တည်ဆောက်လျက် တောင်သူများ၏လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်ပါသည်။

အဆိုပါ စိုက်ပျိုးရေးကဏ္ဍ ကွင်းဆက်တစ်လျှောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကလုပ်ငန်းများက ဦးဆောင်ရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများတွင် အစိုးရ၏ မူဝါဒများ၊ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) ဖြင့် ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

**ရည်မှန်းချက်များနှင့် ၂၀၃၁ ပို့ကုန်လျာထားချက်**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် လေးသန်း တင်ပို့နိုင်ရန်နှင့် တစ်ဆက်တည်းမှာပင် လယ်ယာထုတ်လုပ်မှုစွမ်းအားနှင့် တောင်သူများ၏ အသားတင်ဝင်ငွေကို ပိုမိုမြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးမြင့်ဆန်များ၊ ဆန်နှင့် ဆန်ကွဲမှ ထုတ်လုပ်ထားသော အစားအစာများ (Value added)၊ ဖွဲနု၊ စားသုံးဆီ၊ အခြားဘေးထွက်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး လယ်ယာကဏ္ဍထုတ်ကုန်များ တန်ဖိုးနှင့်ပမာဏကို တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် ၂၀၂၆ ခုနှစ်၏ အခြေခံစံနှုန်းများ (Baseline) နှင့် ထုတ်လုပ်မှုနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများနှင့် ပို့ကုန်ဝင်ငွေများအတွက် နှစ်စဉ်လျာထားချက်များကို အတည်ပြုသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် သက်သာသော ဈေးနှုန်းဖြင့် ဆန်ရရှိရေးတို့သည်လည်း ဤစီမံကိန်း၏ အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။

**ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ**

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ)သည် တောင်သူများ၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ သဘောတူညီသတ်မှတ်ထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရည်အသွေးလိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် အာမခံချက်ရှိသော မျိုးစေ့များ၊ ရာသီအလိုက် ချေးငွေများ၊ စက်ကိရိယာဝန်ဆောင်မှုများနှင့် ခိုင်မာသော သီးနှံဝယ်ယူမှုဆိုင်ရာ စာချုပ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးဧရိယာ၊ သီးနှံဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းချိန် စသည်တို့ကို ခန့်မှန်းရာတွင် ဂြိုဟ်တုနည်းပညာဖြင့် စောင့်ကြည့်ခြင်း(Satellite monitoring) နှင့် AI အကူအညီသုံး အစီရင်ခံစာများကို အသုံးပြုပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဖြင့် အတည်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူအစုအဖွဲ့များကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ထားရှိသည့် တာဝန်ရှိသူများက တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်လာခြင်းမှတစ်ဆင့် တောင်သူများ၏ ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

**ပြည်တွင်းအရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ခြင်း**

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီပြီး နိုင်ငံတကာတွင် စံချိန်စံညွှန်း အသိအမှတ်ပြုထားသော မျိုးကွဲများနှင့် မျိုးဗီဇများကို အသုံးပြု၍ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း မျိုးစေ့များကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်သင့်ပါသည်။ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးခြင်းမပြုမီ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ စပါးအရည်အသွေး၊ ဆန်အရည်အသွေးနှင့် ဝယ်ယူသူများ ကြိုက်နှစ်သက်မှုတို့ကို ဒေသတွင်း စမ်းသပ်စိုက်ပျိုးမှုများဖြင့် ဆန်းစစ်ရမည်ဖြစ်ပါသည်။

အစိုးရသုတေသနအဖွဲ့အစည်းများက မျိုးသန့်မျိုးစေ့နှင့် မိဘမျိုးစေ့များ (Breeder & Foundation Seed) ထောက်ပံ့မှုနှင့် အသိအမှတ်ပြုခြင်းတို့ကို အားကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် တောင်သူလယ်သမားအစုအဖွဲ့များက စံချိန်မီမျိုးစေ့များကို တိုးပွားထုတ်လုပ်ဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျိုးစေ့လုပ်ငန်းများတွင် သုတေသနဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပေါ်ဆန်းစပါး မျိုးသန့်စင်မှုနှင့် အခြားအဆင့်မြင့် မြန်မာ့စပါးမျိုးများကိုလည်း ဤစီမံကိန်းတစ်လျှောက်လုံး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ရေးနှင့် မျိုးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**လယ်ယာမြေပြင်ခြင်းနှင့် စဉ်ဆက်မပြတ် တည်ငြိမ်သည့်စိုက်ပျိုးရေး**

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များ ပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံး လယ်ကွက်များအား စနစ်တကျ ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေ အကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည်ဖြစ်ပါသည်။

မြေပြင်ညီညာအောင်ပြုလုပ်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ ကန်သင်းများအဆင့်မြှင့်တင်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာ သုံးစွဲနိုင်စေရန်နှင့် ရေထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ မြေညီညာပြီး ရေပေးဝေမှုသေချာစွာရရှိနိုင်သည့် နေရာများတွင် “စိုလိုက်ခြောက်လိုက် ရေသွင်းစနစ်”(AWD)ကို တောင်သူများအား သင်တန်းပေးခြင်း၊ သီးနှံအဆင့်လိုက် လမ်းညွှန်မှုများပေးခြင်းဖြင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရနှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် ရေသွင်း၊ ရေထုတ်မြောင်းများ/ ရေပေးဝေမှု အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရမည်ဖြစ်ပြီး တောင်သူများနှင့် ကုမ္ပဏီများက မြေဆီလွှာစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာမျှတစွာသုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း (IPM) စသည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဆန်စက်များ ခေတ်မီဆန်းသစ်ခြင်း**

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေးအကောင်းဆုံးရရှိနိုင်သည့်အချိန်တွင် အချိန်ကိုက်ရိတ်သိမ်းခြင်း၊ စနစ်တကျ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ကိရိယာသုံး အခြောက်ခံခြင်းတို့သည် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးပြီး စပါး၏ အရည်အသွေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် စပါး/ ဆန်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စပါး/ဆန် အဆင့်အတန်းခွဲခြားရေး၊ အစားအသောက်ဘေးကင်းရေးနှင့် စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် အမိုးအကာပါသော ဂိုဒေါင်များနှင့် သင့်တော်သော စပါး/ဆန်သိုလှောင်ရုံ(Silos)များကို အသုံးပြုသိုလှောင်၍ ဆန်စက်များကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါသည်။ မျိုးကွဲများနှင့် အရည်အသွေးအဆင့်အတန်းအလိုက် သီးခြားစီ စီမံကိုင်တွယ်ခြင်းကို သိုလှောင်ချိန်နှင့် ပြုပြင်ထုတ်လုပ်ချိန်များတွင် စနစ်တကျ ဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်နှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် အများသုံး အဆောက်အအုံများ၊ နည်းပညာသင်တန်းများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်တွင်း၌ စက်ကိရိယာများ တပ်ဆင်ခြင်း၊ အပိုပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေး ကျွမ်းကျင်မှုများသည် လုပ်ငန်းများ၏ စက်ကိရိယာများကို စိတ်ချရပြီး ဘေးကင်းစွာ လည်ပတ်နိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

**Myanmar Rice Online မှတစ်ဆင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း**

Myanmar Rice Online (MyRO) စနစ်သည် ဆန်စက်များ၊ ဆန်နှင့် စပါးဂိုဒေါင်များ၏ အချက်အလက်များ၊ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် လက်ကျန်စာရင်းများကို တိကျစွာဖြင့် အွန်လိုင်းမှတစ်ဆင့် အတည်ပြုမှတ်ပုံတင်နိုင်ရေး ပံ့ပိုးပေးရမည်ဖြစ်သည်။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် အစီရင်ခံတင်ပြမှုများကို လွယ်ကူရှင်းလင်းအောင် ပြုလုပ်ပေးရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်ခြင်းကို ကူညီပေးကာ အရေးကြီးသော စီးပွားရေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးရမည်ဖြစ်သည်။

အဆိုပါ MyRO မှ စာရင်းဇယားများသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စီမံကိန်းရေးဆွဲခြင်း၊ စိစစ်စုံစမ်းနိုင်ခြင်း(Traceability) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MyRO တွင် မှတ်ပုံတင်ခြင်းသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို လွယ်ကူစွာရယူနိုင်မည်ဖြစ်သော်လည်း အချိန်ကိုက်၊ တိကျသော အချက်အလက်များနှင့် မိမိတို့ထုတ်ကုန်၏ အရည်အသွေးအတွက် မှတ်တမ်းပြုစုတင်ပြရန် တာဝန်ရှိမည်ဖြစ်ပါသည်။

**အရည်အသွေးမြင့် အမှတ်တံဆိပ် ဖန်တီးခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးခြင်း**

ဆန်/စပါးလုပ်ငန်းတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများသည် စပါး/ဆန် ဝယ်ယူခြင်းမှစ၍ လက်လီရောင်းချခြင်းအထိ တစ်သမတ်တည်းရှိသော ဆန်/စပါး အဆင့်အတန်းခွဲခြားခြင်း၊ အစားအသောက်ဘေးကင်းရေး ထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် စုံစမ်းနိုင်ခြင်း (Lot traceability) တို့ကို ဆောင်ရွက်နိုင်ရန် တိကျသော မူရင်းဒေသနှင့် ထုတ်ကုန်အညွှန်းအမှတ်အသားများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အရည်အသွေးစံချိန်စံညွှန်းများကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး သင့်တော်သော ဒေသဆိုင်ရာ အညွှန်းအမှတ်အသား (Geographical Indication) အကာအကွယ်ပေးခြင်းနှင့် စံမီထုပ်ပိုးမှုများ ပါဝင်သည့် ပေါ်ဆန်းနှင့် ဒေသတွင်း ဆန်အမှတ်တံဆိပ်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လိမ်လည်ရောနှောရောင်းချခြင်းများကို တားဆီးရမည်ဖြစ်ပြီး ခွင့်ပြုထားသော ရောနှောဆန်များတွင် ကျင့်ဝတ်နှင့်ကိုက်ညီ၍ ရှင်းလင်းပြီး တာဝန်ယူမှုရှိသော အမှတ်အသားများကို တပ်ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် မျှတသော ဈေးကွက်ကျင့်သုံးမှုများကို အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော လက်ကား၊ လက်လီနှင့် ဒီဂျစ်တယ်ဖြန့်ဖြူးရေးစနစ်များသည် ပြည်တွင်း၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ကို စိတ်ချစွာ ဝယ်ယူရရှိနိုင်မှုကို ထိန်းသိမ်းလျက် အရည်အသွေးမြင့် ထုတ်ကုန်များကို ရောင်းချပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

> **“ ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံးလယ်ကွက်များအား စနစ်တကျ ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေ အကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည် ”**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ဖွဲ့နုဆီနှင့် ဆီထုတ်ပြီးဖွဲ**

ဖွဲ့နုသည် စားသုံးဆီ ထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချရသော ကုန်ကြမ်းဖြစ်လာမည်ဖြစ်ပြီး ဆီထုတ်ပြီးဖွဲ (Defatted rice bran) မှ တစ်ဆင့် တန်ဖိုးပိုမိုထွက်ရှိသည့် အရင်းအမြစ်ဖြစ်လာရမည်ဖြစ်သည်။ စက်ပိုင်များနှင့် ထုတ်လုပ်သူများသည် ကုန်ကြမ်းထောက်ပံ့ရေးစာချုပ်များ ချုပ်ဆိုရမည်ဖြစ်ပြီး ဆီမထုတ်မီ ဖွဲ့သစ်များ၏ အရည်အသွေးမပျက်စီးစေရန် အချိန်ကိုက် သိမ်းဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

ဆီထုတ်ယူခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စိတ်ချရသော ကုန်ကြမ်းပမာဏနှင့် အတည်ပြုထားသော ဈေးကွက်များပေါ် အခြေခံရမည်ဖြစ်ပါသည်။ ဆီထုတ်ပြီးဖွဲသည် စနစ်တကျ ဖော်စပ်ထားသော မွေးမြူရေးနှင့် ရေလုပ်ငန်းအစာများတွင် အသုံးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် အခြေခံအဆောက်အအုံများ၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

**ဆန်အခြေခံ အစားအစာများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ထုတ်လုပ်သူများသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပဝယ်ယူသူများအတွက် ဆန်မှုန့်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစီးပွားရေးအရ တွက်ခြေကိုက်သော ဆန်အခြေခံထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။ အစားအသောက်ဘေးကင်းရေးနှင့် ထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဆန်နှင့်ဆန်ကွဲများကို စက်မှုလုပ်ငန်းများသို့ ထောက်ပံ့ပေးနိုင်ပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် သန့်ရှင်းသော ပြုပြင်ထုတ်လုပ်မှု စက်ကိရိယာများ၊ ထုပ်ပိုးမှုနည်းပညာများ၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေးမိတ်ဖက်များကို ရရှိရန် လိုအပ်ပါသည်။ အစိုးရ၏ ပံ့ပိုးမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဖွင့်လှစ်သော ဓာတ်ခွဲခန်းများ သို့မဟုတ် အများသုံးအဆောက်အအုံများသည် ကုမ္ပဏီများအား ထုတ်ကုန်များကို စမ်းသပ်ရန်နှင့် သက်တမ်းပိုမိုကြာရှည်ခံအောင် ဆောင်ရွက်ရန် ကူညီပေးနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများသည် စားသုံးသူ လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**ဇီဝမီးသွေး (Biochar) နှင့် လျှပ်စစ်ဓာတ်အားအတွက် စပါးခွံ**

စပါးခွံများကို ရရှိနိုင်သော ပမာဏနှင့် ဒေသတွင်း လိုအပ်ချက်ပေါ် မူတည်၍ ဇီဝမီးသွေးနှင့် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရမည်။ အသေးစား လျှပ်စစ်ဓာတ်အားစနစ်များသည် တစ်သီးပုဂ္ဂလဆန်စက်များ သို့မဟုတ် အနီးနားရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ပြီး အလတ်စား စီမံကိန်းများသည် ဆန်ကြိတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အပူနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်ထုတ်လုပ်နိုင်ပါသည်။ အကြီးစား စီမံကိန်းများအတွက် ဆန်စက်အမြောက်အမြားထံမှ စိတ်ချရသော စပါးခွံရရှိမှုနှင့် ခိုင်မာသော လျှပ်စစ်ဝယ်ယူသူများ လိုအပ်ပါသည်။

ဇီဝမီးသွေးထုတ်လုပ်မှုသည် စနစ်တကျပြုပြင်ထုတ်လုပ်မှု၊ အရည်အသွေးစမ်းသပ်မှုနှင့် ဒေသတွင်း မြေဆီလွှာစမ်းသပ်မှုများ လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရှင်းလင်းသော လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သူများသည် ကုန်ကြမ်းရရှိရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေးနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရာတွင် ပြိုင်ဆိုင်မှုရှိသော အသုံးပြုမှုများကြား စပါးခွံပမာဏကို စာရင်းနှစ်ထပ် ထပ်တွက်မိခြင်း (Double-counting) မှ ရှောင်ရှား၍ တိကျသေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

**စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုသည့် ဆန်စပါး စီးပွားရေးစနစ်**

စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် ဆန်စပါးစီးပွားရေးစနစ်သည် ဆုံးရှုံးမှုများကို တားဆီးခြင်းနှင့် သင့်တော်သော ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့ဖြင့် ဆန်စပါးကဏ္ဍကို စွန့်ပစ်ပစ္စည်း လုံးဝမရှိစေသည့် (Zero Waste) ဦးတည်ချက်သို့ သွားစေမည်ဖြစ်သည်။ ဖွဲ့နုသည် စားသုံးဆီနှင့် အစာပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည်။ ဆန်ကွဲသည် အစားအသောက်ပြုပြင်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်သည်။ စပါးခွံသည် ဇီဝမီးသွေး သို့မဟုတ် စွမ်းအင်ကို ရရှိစေသည်။ စနစ်တကျ ပြုပြင်ထားသော သင့်တော်သည့် ဇီဝစွန့်ပစ်ပစ္စည်းများသည် သဘာဝမြေသြဇာဖြစ်လာစေရန် ကူညီပေးနိုင်သည်။

လုပ်ငန်းများမှ ပြန်လည်ရရှိသော ပစ္စည်းများကို တိုင်းတာရမည်ဖြစ်ပြီး ကျန်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများစုပေါင်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆန်စပါးအခြေပြု စိုက်ပျိုးရေးနှင့် စက်မှုကွန်ရက်များ**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် တည်ရှိသော ဆန်စက်များသည် ဆန်ကြိတ်ခွဲခြင်းကို ဖွဲ့နုဆီနှင့် အခြားစားသုံးဆီများ၊ တိရစ္ဆာန်အစာ၊ သဘာဝမြေသြဇာ၊ ဆန်မှုန့်၊ ပြောင်းဖူးမှုန့်၊ ပဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ဆန်ခေါက်ဆွဲနှင့် ကြာဆံထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း ကုန်ကြမ်းထောက်ပံ့မှုနှင့် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ စုပေါင်းသုံးစွဲမည့် သိုလှောင်ရုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများနှင့် ဖြန့်ဖြူးရေးစနစ်များသည် ပြုပြင်ထုတ်လုပ်သူများကို တောင်သူများ၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးနိုင်သည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့်အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ အခြေခံအဆောက်အအုံများ၏ ကူညီပံ့ပိုးမှုဖြင့် သင့်တော်သော ဘေးထွက်ပစ္စည်းများက တိရစ္ဆာန်အစာကို ထောက်ပံ့ပေးကာ စနစ်တကျပြုပြင်ထားသော စွန့်ပစ်ပစ္စည်းများက သဘာဝမြေသြဇာဖြစ်လာအောင် ကူညီပေးရမည်ဖြစ်ပါသည်။

**ပို့ကုန်မြှင့်တင်ရေးနှင့် စိတ်ချရသော တင်ပို့ဖြန့်ဖြူးမှု**

ပို့ကုန်လုပ်ငန်းရှင်များသည် အဆင့်မြင့်ဆန်၊ ဆန်မွှေး၊ ပေါင်းဆန်နှင့် ထုပ်ပိုးပြီးဆန်တို့အတွက် ဝယ်ယူသူများကို စုံလင်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရည်အသွေးနှင့် စိတ်ချရသော စာချုပ်များကို ထိန်းသိမ်းကာ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကို အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေးမြှင့်တင်မှုများနှင့် ဈေးကွက်သတင်းအချက်အလက်များကို ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမှု၊ ဆိပ်ကမ်းများနှင့် ခန့်မှန်းရလွယ်ကူသော ပို့ကုန်နှင့် နိုင်ငံခြားငွေလဲလှယ်ရေး မူဝါဒများကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နှစ်စဉ် ပို့ကုန်ရည်မှန်းချက်များသည် ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် လက်ကျန်စာရင်းများကို ထိခိုက်မှုမရှိစေရန် လိုအပ်ပါသည်။ ပို့ကုန်ဝင်ငွေများကို ဆန်နှင့် ဆန်ကွဲတန်ချိန်တို့နှင့်အတူ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ဆန်/ဆန်ကွဲအခြေခံထားသော အစားအစာများနှင့် ဘေးထွက်ထွက်ကုန်များကို သီးခြားစာရင်းပြုစု တင်ပြရမည်ဖြစ်ပါသည်။

**တာဝန်ဝတ္တရားများနှင့် ဘဏ္ဍာရေးဆိုင်ရာ**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍနှစ်ချုပ်အစီရင်ခံစာများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ တောင်သူများ စာချုပ်ချုပ်ဆိုခြင်းနှင့် ဈေးကွက်များ ဖော်ဆောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခန့်မှန်းရလွယ်ကူသော မူဝါဒများနှင့် ထိရောက်သော စံချိန်စံညွှန်းများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် REZ ဝန်ဆောင်မှုများ၊ မျိုးစေ့ သုတေသနနှင့် ဖြန့်ဖြူးရေးစင်တာများ၊ ဓာတ်ခွဲခန်းများ၊ MyRO နှင့် သင့်တော်သော စက်မှုအခြေခံအဆောက်အအုံများကို ရှင်းလင်းသော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို တိကျစွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဘဏ်များသည် ရာသီအလိုက် စိုက်ပျိုးစရိတ်နှင့် ကုန်သွယ်ရေး ချေးငွေများ၊ စက်ကိရိယာများအတွက် ကာလရှည်ချေးငွေ သို့မဟုတ် နှစ်ချုပ်အငှားချခြင်းစနစ် (Leasing)များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဦးစားပေး စီမံကိန်းတိုင်းအတွက် တာဝန်ယူရမည့် ဦးဆောင်သူ၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားများရှိရန် လိုအပ်ပါသည်။

**အကောင်အထည်ဖော်ခြင်းနှင့် နှစ်စဉ်ပြန်လည်သုံးသပ်ခြင်း**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် အခြေခံစံချိန်စံနှုန်းများကို အတည်ပြုခြင်း၊ REZ ဧရိယာများကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် တောင်သူများနှင့်အတူ တောင်သူအကျိုးပြု စီမံကိန်းတစ်ရပ် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တို့တွင် အရည်အသွေးကောင်း မျိုးစေ့များနှင့် AWD ကဲ့သို့ သင့်တော်သော စိုက်ပျိုးနည်းစနစ်များကို တိုးချဲ့ခြင်း ဆောင်ရွက်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၉-၂၀၃၀ နှင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တို့တွင် အောင်မြင်ပြီးသော လုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့ခြင်းနှင့် အမှတ်တံဆိပ်ပါ ပို့ကုန်များကို အားကောင်းအောင် ဆောင်ရွက်ခြင်းတို့အပေါ် အဓိကထားရမည်ဖြစ်ပါသည်။

တောင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မိတ်ဖက်များနှင့်အတူ နှစ်စဉ်လုပ်ငန်းပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ ဝင်ငွေ၊ ထုတ်လုပ်မှု စွမ်းအား၊ ဆုံးရှုံးမှုများ၊ တန်ဖိုးမြှင့်တင်မှုများနှင့် ပို့ကုန်များကို ဆန်းစစ်ရမည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်၍ လိုအပ်ချက်ရှိသည့် နေရာများတွင် လုပ်ဆောင်ချက်များကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်ပါသည်။

**နိဂုံး**

လုပ်ငန်းအောင်မြင်မှုများသည် တောင်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ဆောင်ကြဉ်းပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရှင်းလင်းသောမူဝါဒများနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိက ကဏ္ဍတို့သည် ဈေးကွက်ထိုးဖောက်မှု အားကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၆-၂၀၃၁ စီမံကိန်းကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ရန်နှင့် ရလဒ်များမျှဝေရန်အတွက် အတူတကွ ပူးပေါင်းတာဝန်ယူကြရန် လိုအပ်ပါသည်။ နှစ်စဉ် ဆန်နှင့် ဆန်ကွဲ တန်ချိန်လေးသန်းတင်ပို့နိုင်ရေး ရည်မှန်းချက်သည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးနှင့် မြန်မာ့တောင်သူလယ်သမားအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ။

---

## စဉ့်ကိုင်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



**စဉ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအနီးလမ်း ဘေးဝဲ/ယာ တစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့အတွက် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းကာ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များဆယ်ယူ ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းဘေး ဝဲ/ ယာ၌ ချုံနွယ်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

---

## မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးအရ အထီးကျန်ဆန်ခြင်းကို လျှော့ချပေးနိုင်ရန်အတွက် စံနမူနာပြအဖြစ် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတစ်ခုကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး ဇူလိုင် ၂၃ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ဇမ္ဗူသီရိမြို့နယ်နှင့် နေပြည်တော် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ သက်ကြီးပုဂ္ဂိုလ် ၃၆ ဦးအတွက် လူသုံးကုန်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများနှင့် ဂါရဝပြုလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## ကံမမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် စီမံကိန်းသုံးသပ်ဆွေးနွေး

**ကံမ အောက်တိုဘာ ၃**

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ထန်းလေးပင်ကျေးရွာအတွက် ရန်ပုံငွေလွှဲပြောင်း



ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမင်းခေါင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ထန်းလေးပင်ကျေးရွာမှ ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကံမမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာများ၏ သက်ဆိုင်သူအားလုံးပါဝင်သော မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

**ဆက်လူ**

## ပဲခူးမြို့နယ်၌ အသက် (၂၀) အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၃**

၂၀၂၄ခုနှစ် ပဲခူးမြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက် (၂၀)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပရာ ပဲခူးမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက အားကစားနည်းအလိုက် နည်းစနစ်မှန်ကန်စွာ အားကစားစိတ်ဓာတ်အပြည့်အဝ ယှဉ်ပြိုင်ကြရန်နှင့် အဆင့်မြင့်ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်နိုင်မည့် လက်ရွေးစင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး ပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ဘောလုံးပြိုင်ပွဲသို့ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင် အသင်း ၁၆ သင်း ပါဝင်ကာ



အုပ်စု လေးအုပ်စုခွဲ၍ အောက်တိုဘာ ၁ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သက်ဖြိုးကြိုင်(ပြန်/ဆက်)**



## မြင်းမူမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းမူ အောက်တိုဘာ ၃**

မြင်းမူမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ(တတိယအကြိမ်)ကို ယမန်နေ့က မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက် မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် မုံရွာ - စစ်ကိုင်းကားလမ်းမကြီးဘေးတွင် မိုင်တိုင် ၄၅/၁ နှင့် ၄၅/၃ ကြား၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူ ၄၅၀ ခန့်ဖြင့် မြင်းမူမြို့နယ် ပြည်သူ့အားကစားကွင်း၌ တမာပင် ၂၀၀၊ ဒဟတ်ပင် ၁၀၀၊ ပိတောက်ပင် ၁၀၀ နှင့် မုံရွာ - စစ်ကိုင်း ကားလမ်းမကြီးဘေးတွင် မိုင်တိုင် ၄၅/၁ နှင့် ၄၅/၃ ကြား ဗာဒံပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းစုမြို့၌ အရန်မီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

**ကျွန်းစု အောက်တိုဘာ ၃**

ကျွန်းစုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယမန်နေ့က စလွန်အောင်ယံကျေးရွာ၌ ကျင်းပရာ သင်တန်းတွင် မီးသတ်ပညာထူးချွန်ဆု၊ ရှာဖွေကယ်ဆယ်ရေးပညာထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်တို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## ပြည်ရွှေဆံတော်စေတီတော်(၂၆၁၅)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပြည် အောက်တိုဘာ ၃**

ပြည်မြို့၏ ရေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၅) နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၁၂၇) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲ၊ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲတို့ကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ၁၀ ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲဇာတ်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေး

**ရေနံချောင်း အောက်တိုဘာ ၃**

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကျေးရွာများ၏ သက်ဆိုင်သူအားလုံးပါဝင်သော မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ အကြံပြုချက်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ရေနံချောင်းမြို့နယ်အတွင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာယူနစ် ၄၂ ယူနစ်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ကျေးရွာယူနစ် ၇ ယူနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာ ၁၀၆ ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နော်လူး**



## သာစည်မြို့၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**သာစည် အောက်တိုဘာ ၃**

သာစည်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အကြိမ်(၂၀) မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က သာစည်မြို့ အမှတ်(၁)ရပ်ကွက် ငါးဆူတိုးချဲ့အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်အေးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်တို့က ခွေးရူးရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ **ထွန်းထွန်း(သာစည်)**

## အောင်လံမြို့နယ်၌ ကွန်ပေါင်းဓာတ်မြေသြဇာနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်



**အောင်လံ အောက်တိုဘာ ၃**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပေါင်းဓာတ်မြေသြဇာနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းလှအောင်တို့က ဝါသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပေါင်း ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝါမျိုးစေ့ထုတ်နှင့် ပန်းတိုင်အထွက်နှုန်းရရှိ စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွန်ပေါင်းဓာတ်မြေသြဇာနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## တီးတိန်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ကျင်းပ



**တီးတိန် အောက်တိုဘာ ၃**
တီးတိန်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့သည်။

ဆက်လက်၍ ဘိုးဘွားများအတွက် ဂါရဝပြုထောက်ပံ့ငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန(တာဝန်)ထံသို့ပေးအပ်ပြီး ဘိုးဘွားများအား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြသည်။

ချင်းပြည်နယ်အစိုးရ၏အစီအစဉ်ဖြင့် တီးတိန်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်မှ ၈၉ နှစ်အထိ ဘိုးဘွား ၁၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်း၊ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၆၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်း စုစုပေါင်းဘိုးဘွား ၁၇၉ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး



**မအူပင် အောက်တိုဘာ ၃**
မအူပင်မြို့နယ် ရေကျော်ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မျိုးမင်းနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁ ရက်တွင် ခွေးရူးရောဂါ အသိပညာပေးဟောပြောခြင်းနှင့်ခွေးကြောင်များအားခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းများ ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးအဖွဲ့များက ကျေးရွာရှိ စုရပ်နှင့် ကျေးရွာအတွင်း လှည့်လည်၍ ခွေးကြောင်များကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြပြီး ထိုးနှံပြီးသည့် ခွေးကြောင်များအား မှတ်တမ်းတင်ခြင်းနှင့် ကာကွယ်ဆေး ထိုးပြီးကြောင်း ကာကွယ်ဆေးထိုး ကတ်ပြားများ ထုတ်ပေးခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ငူ၌ မော်တော်ဆိုင်ကယ်စီး ဦးထုပ်များ အခမဲ့ပေးဝေ



**တောင်ငူ အောက်တိုဘာ ၃**
အမှတ် (၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တောင်ငူ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးသိန်းထိုက်စိုး ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၁ ရက်က တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အသိပညာပေးဟောပြောပြီး ဆိုင်ကယ်စီး ဦးထုပ်များ အခမဲ့ ပေးဝေခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ချောင်းဆုံ အောက်တိုဘာ ၃**
ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က ဒရယ်ကျေးရွာနှင့် ဒရယ်အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါ်နွဲ့နွဲ့ရီက ခွေးရူးရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ကာကွယ်ထိန်းသိမ်းနည်းများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ခွေးရူးရောဂါ၏ အန္တရာယ်နှင့် ခွေးကိုက်ခံရပါက ဆောင်ရန်၊ ရှောင်ရန်များနှင့် ရှေးဦးသူနာပြုစုနည်းများကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများအား ခွေးရူးရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့သည်။ **ကိုကျော်(ချောင်းဆုံ)**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၃**
(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မန္တလေးမြို့ ရွှေစာရံကျေးရွာရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတပ်ဖွဲ့ခွဲခန်းမ၌ ကျင်းပရာ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် လင်းထွဋ် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့သည်။ **ဘိုဘိုဟန်**



## ၃ မိုင်မြို့၌ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းဆင်း

**လပွတ္တာ အောက်တိုဘာ ၃**
လပွတ္တာခရိုင် (၃)မိုင်မြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့၏ သင်တန်းဆင်းပွဲကို ယမန်နေ့က ယင်းသင်တန်းကျောင်းများ၏ ခန်းမများ၌ ပြုလုပ်ရာ လပွတ္တာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က သင်တန်းကျောင်းများမှ သက်ဆိုင်ရာသင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို ပေးအပ်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်ထားမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုင်းယန်းမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မိုင်းယန်း အောက်တိုဘာ ၃**
မိုင်းယန်းမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ဝိန်းလိတ်ရပ်ကွက်အတွင်းရှိ ခရိုင်ရဲတပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မိုင်းယန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားပြီး တာဝန်ရှိသူများက (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းထူး**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် အောက်တိုဘာ ၃**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသက်(၁၀) နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို အောက်တိုဘာ ၁ ရက်က အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမပေါ်ရှိ အမှတ်(၂၂) အခြေခံပညာအလယ်တန်းကျောင်း၌ နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးကျော်ထူးရွှေနှင့်အဖွဲ့ဝင်များက လမင်းစီမံချက်ဖြင့် အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၆၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ မြေ(၂.၂၆၆)ဧက(၉၈၇၀၆.၉၆စတုရန်းပေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ(၆)လုံး(၇၆၅၆၂စတုရန်းပေ)တို့အား ငါးဖမ်းခြင်း၊ ရေခဲစက်ရုံနှင့် အအေးခန်းတည်ဆောက်၍ ရေခဲ၊ ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင် / ကုမ္ပဏီများသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစု၊ ရုံးအမှတ်(၃၆) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်-

| | | |
|---|---|---|
| (က) | နေ့ရက် | - (၅-၁၀-၂၀၂၆) ရက်နေ့မှ (၁၆-၁၀-၂၀၂၆) ရက်နေ့အထိ။ |
| (ခ) | အချိန် | - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက်(၀၉:၃၀)နာရီမှ (၁၅:၃၀)နာရီထိ။ |
| (ဂ) | နေရာ | - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက်/အချိန် - (၁၃-၁၀-၂၀၂၆) ရက်နေ့မှ (၁၆-၁၀-၂၀၂၆) ရက်နေ့အထိ။ (၀၉:၃၀)နာရီမှ (၁၅:၃၀) နာရီထိ။

၆။ အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန် - (၂၀-၁၀-၂၀၂၆)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ။

၇။ တင်ဒါကြော်ငြာအားဝန်ကြီးဌာန Website;www.moali,gov.mm တွင်လည်း ဖော်ပြပေးမည် ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ် ၀၆၇ - ၄၀၈၄၇၄၊ ၀၉ - ၂၅၄ ၅၅၄ ၃၄၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာ ဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်း ရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ် များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## အသိပေးကြေညာချက်

ကျွန်တော်များ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၏ မူလ Logo ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်အထိ အသုံးပြုခဲ့ပါသည်။

အောက်ဖော်ပြပါ New Logo ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်မှ စတင်၍ Logo အသစ်အား အသုံးပြုမည်ဖြစ်ပါကြောင်း အများပြည်သူသို့ ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉-ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက်အမှတ်(၂၆၈/ ၁၄၂၀)၊ မြေဧရိယာ(၀.၃၂၅)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးအောင်နေမျိုး ၁၃/တကန(နိုင်)၀၄၆၈၄၄ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ပြင်ဆင်ဖတ်ရှု

၂-၁၀-၂၀၂၆ရက် စာ-၂၆ ဤသတင်းစာပါ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ကြော်ငြာ 75W/16726 ကြော်ငြာ တွင် ဒေါ်နှင်းဝတ်ရည်အေး အစား ဒေါ်နှင်းဝတ်ရည်စောဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၆က/၈၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၁၀၉/က)၊ မြေဧရိယာ(၀.၀၄၄)ဧကရှိမြေကွက်သည် မူလက ဦးစိန်စိန်၊ ဒေါ်သီတာဝင်း (၂)ဦးအမည်ဖြင့်(၁၁-၃-၂၀၄၉)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါကြောင်း၊ ဦးပိုင်အမှတ်(၁၀၉/ခ)၊ မြေဧရိယာ (၀.၀၃၃)ဧကရှိမြေကွက်သည် မူလက ဦးအောင်သူရအမည်ဖြင့်(၁၃-၃-၂၀၄၉) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး ဂရန်ရှင်က (၁၇-၇-၂၀၂၀)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၂၁၂/၂၀၂၀)အရ ဦးစိန်စိန် ၁/မကန(ပြု)၀၀၀၄၄၅၊ ဒေါ်သီတာဝင်း ၁/မကန(နိုင်)၀၈၁၇၉၈ (၂)ဦးထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါအဆိုပါမြေကွက်(၂)ကွက်အား ဦးစိန်စိန်ပါ (၂)ဦး အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ပေါင်း/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့် ရက်အထိမြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၀

ဒေါ်အေးအေးမော် (တရားလို) နှင့် ဦးစိုးတင့် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးပြည့်ဖြိုးဝင်း) (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၉၉-၁၆/၅)၊ ၄၇x၄၈ လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြား၊ ငကျွဲလမ်းနေ ဦးစိုးတင့်(ဘ)ဦးသောင်း (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးပြည့်ဖြိုးဝင်း (ဘ) ဦးသန်းဝင်း( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးမော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) ရန်ကုတ်ကျောင်း၌ အထပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းညွှန့်စိန် ၃/ကကရ(နိုင်) ၀၄၃၂၀၅ ၏ ဖခင်အမည်မှန်မှာ ဦးတရိုဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ အထက (ရွာထောင်)ကျောင်း Grade-12 တန်းတွင် ပညာသင်ကြားနေသော ဦးမိုးဇော် (၈/အလန(နိုင်)၁၀၉၈၅၈)၏သား မောင်မင်းမြတ်သူ၏ အမည်မှန်မှာ မောင်မင်းမြတ်သူရ ၈/အလန(နိုင်)၂၃၈၀၃၂ ဖြစ်ပါကြောင်း။ **မောင်မင်းမြတ်သူရ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အလက(မိုးဖုံး) Grade-6 တွင် ပညာသင်ကြားနေသော မောင်ချစ်စံလင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/မထန(နိုင်)၀၈၉၂၆၆ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွန်း**

## ဖခင်အမည်မှန်

ခနုဖြူမြို့နယ်၊ အ.ထ.က (ခွဲ) သိမ်ကုန်း Grade 7 မှ မစုစုအေး နှင့် Grade 6 မှ မသဲစုဝေ တို့၏ ဖခင်အမည်မှန်မှာ ဦးစောလှိုင်ဝင်း ၁၄/ခနဖ(နိုင်)၁၁၅၄၅၉ ဖြစ်ပါကြောင်း။

**ဦးစောလှိုင်ဝင်း**
**၁၄/ခနဖ(နိုင်)၁၁၅၄၅၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ်- ၂၃၉

ဒေါ်သိမ့်ဂျူလှိုင် (တရားလို) နှင့် ဦးသိန်းဌွေး (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၅၀)၊ ရှမ်းစုရပ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ဦးသိန်းဌွေး(ဘ)ဦးဘိုအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သိမ့်ဂျူလှိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် (၉၉-၂ )၊ ဦးပိုင်အမှတ် ၁၀၇ ၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ် စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်း မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၁ )ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ )**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ လမ်းမတော်ရပ်ကွက်နေ ဦးသီဟသူ ၇/ဝမန(နိုင်) ၀၇၇၈၃၉-ဒေါ်ခင်တိုးတိုး ၁၃/ တကန(နိုင်)၁၆၄၆၆၈တို့ ၏ သားဖြစ်သူ မောင်ဘုန်းပြည့်ပိုင် ၁၃/တကန(နိုင်)၃၇၉၆၅၀ သည် မိဘအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်၍ မည်သည့် ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟသူ- ဒေါ်ခင်တိုးတိုး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မူလွန်(၁၂)ကျောင်း (G-3)မှ မမီမီသော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ၁၄/မအပ(နိုင်)၃၆၃၃၇၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးပေါ်ထွန်း ၏သမီးဖြစ်သူ ဒေါ်နီလာအိသွယ် ၁၂/ကမရ(နိုင်)၀၂၂၇၂၀ ၏ နိုင်ငံကူးလက်မှတ် (Passport)(MF-832 699) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၅၁၁၅၁၉၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မဟာအောင်မြေမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၈

ဦးအိုက်စမ် (တရားလို) နှင့် ဦးလှအောင် (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၅(အေ)လမ်း၊ ၃၄x၃၅လမ်းကြားရပ်နေ ဦးလှအောင် (ဘ)ဦးခမ်းဆွယ် (၉/မကန(နိုင်)၀၆၃၇၉၅)(DS-000124) (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ် တရားလို ဦးအိုက်စမ်က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၅)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀.၁၁၀၂)ဧက အကျယ်အဝန်းရှိ ဦးလှအောင်အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၊ ၁၉ ရက်၊ ( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်း စေရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလို သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်၊

**(ဘုန်းမြင့်သောင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/9758၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉-ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက် အမှတ် (၂၆၈/၁၄၁၉)၊ မြေဧရိယာ (၀.၃၇၅)ကေအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်နန်းခင်ဌွေးကြွယ် ၁၃/တကန(နိုင်) ၀၂၆၉၆၂ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံ ချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ဦးဘဆင်းနှင့်အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးချိန်အဲ (၁၃/လကန(နိုင်)၀၁၄၇၃၈)သည် “ရှမ်းပြည်နယ်(မြောက်)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)ရပ်တွင် တည်ရှိသည့် အကွက်အမှတ်(၁/က^၁၀)အတွင်း မြေကွက်အမှတ် (၄၅/ မန်ဆူဘုရားကုန်း)၊ ဧရိယာ(၀.၉၈၇)ကေအတွင်းရှိ မြောက်လားသော်(-)၊ အရှေ့လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၁/တ)၊ (၁/ည)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၁/ဋ္ဌ)၊ (၁/အ)နယ်လေးရပ်အတွင်းရှိ ဂရန်မြေကွက်အား ဦးဘဆင်း(၁၃/လရန(နိုင်)၁၁၇၀၄၂)နှင့် အကျိုးတူ ပူးပေါင်းဝယ်ယူထားရှိရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးဌာနများတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိနေ ပါသောကြောင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ဆက်သွယ်အကြောင်းကြားခြင်းမရှိပါက ရုံးလုပ်ငန်းများ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဘဆင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီအောင်မျိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၅၄)**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၇၆၇၈၀၂၁၊ ၀၉-၉၄၂၄၆၉၇၂၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြိုင်သာယာစံပြရပ်ကွက်၊ (C-၅)လမ်း၊ အမှတ်(၉၇) နေ ဒေါ်ယမင်းသူ (၁၃/လရန(နိုင်)၁၁၁၆၃၄)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယမင်းသူ သည် ၎င်း၏ မှတ်ပုံတင်အမှတ်(၁၃/လရန(နိုင်) ၁၁၁၆၃၄) ၏ မှတ်ပုံတင်ကတ်ပြားမူရင်းအား (၂၀၁၅ ခုနှစ် ခန့်က) ပျောက်ဆုံးခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေသည် ၎င်း၏ မှတ်ပုံတင်မူရင်းမိတ္တူအား သက်ဆိုင်ရာဌာနတွင် အသစ်ပြန်လည်လျှောက်ထား၍ ယခုအခါတွင် အသစ်ထပ်မံပြုလုပ်ထားသော မှတ်ပုံတင်အားကိုင်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ ဒေါ်ယမင်းသူ၏ ပျောက်ဆုံးခဲ့သော မှတ်ပုံတင်အားကိုင်ဆောင်ပြီး ရုံးကိစ္စများတွင်လည်းကောင်း၊ လူမှုရေးကိစ္စများတွင်လည်းကောင်း၊ အလွဲသုံးစားပြုမှုများရှိခဲ့ပါက ဒေါ်ယမင်းသူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ပြုလုပ်မှုတစ်စုံတစ်ရာရှိလာပါက ပြုလုပ်သူကိုယ်တိုင်နှင့် ဆက်စပ်ပါဝင်သူများအား ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် [LL.B, D.B.L] တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀)**
**အမှတ်(၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၂၅၄၆၁၂၂၈၃**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကောင်းမှူးတုံရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ် (၂၈+၂၉)၊ မြေဧရိယာ (၀.၃၆၆) ဧကရှိ မြေနေရာအား ဒေါ်ခင်ဌေး အမည်ဖြင့် (၄-၁၁-၂၀၁၅) ရက်စွဲပါ မြေငှားဂရန်အမှုတွဲအမှတ် (၁၈၀/မဆ/၂၀၁၅) ဖြင့် (၄-၁၁-၂၀၁၅) ရက်မှ (၃-၁၁-၂၀၂၅) ရက်အထိ (၁၀)နှစ် မြေငှားဂရန်ထုတ်ပေးထားရှိရာ မြေငှားဂရန်ရရှိသူ ဒေါ်ခင်ဌေးမှ (၂၆-၉-၂၀၁၇)တွင် ဖာရင်(ခ)စိုင်းရည်ရွှယ်အား အထူးကိုယ်စားလှယ်ပေးအပ်ထားရှိသဖြင့် ဖာရင်(ခ)စိုင်းရည်ရွှယ်ထံမှ မူဆယ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၁၀-၃-၂၀၂၆)ရက်စွဲပါ စာချုပ်အမှတ်(၅၃/၂၀၂၆)ဖြင့် ဦးနော်တောင် (၁၃/ကခန(နိုင်)၀၁၆၃၃၁)က စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ မူဆယ်မြို့နယ်၊ ကောင်းမှူးတုံရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ် (၂၈+၂၉)၊ မြေဧရိယာ (၀.၃၆၆) ဧကရှိ မြေနေရာကို ဦးနော်တောင် (၁၃/ကခန(နိုင်) ၀၁၆၃၃၁)မှ မြေငှားဂရန် အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
ဖုန်း-၀၈၂-၂၉၅၀၆၉၀

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အထက(၃)ကျောင်း (G-9)မှ မသက်မှူးခင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလင်း ၉/ပဘန(နိုင်)၁၂၈၆၅၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က (ခွဲ)သိမ်ကုန်း Grade-5 မှ မသဲသဥ္စာပိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်ဦး ၁၄/ညတန(နိုင်) ၁၀၃၆၄၂ ဖြစ်ပါကြောင်း။

**ဦးချစ်ဦး**
**၁၄/ညတန(နိုင်)၁၀၃၆၄၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၅၄

ဒေါ်လှ — နှင့် — ဦးရောဘတ်
တရားလို — တရားပြိုင်

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (ဆ) ရပ်ကွက် ၊ အကွက်အမှတ် (ဒဒ-၁၀) ၊ ၆၁ x ၆၂ လမ်းကြား ၊ ၁၂၉ x ၁၃၀ လမ်းကြားနေ ရောဘတ်(ဘ)ဦးပီတီဂျိုးဇက်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးရောဘတ် သင့်အပေါ်၌ တရားလို၏ ဒေါ်လှက ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက် ၊ အကွက်အမှတ် (ဓဓ - ၂ ) ၊ဦးပိုင်အမှတ် ( ၆၅ )၊ ဧရိယာ (၀.၀၅၅၁) အကျယ်အဝန်းရှိ ဦးရောဘတ် အမည်ပေါက်ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း၊ ပေ(၃၀ x ၄၀ ) မြေကွက်အား ကတိပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ငင်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကိုထုတ်ပေး လိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၂

ဦးနိုင်လင်းကျော် — နှင့် — ဦးသိန်းဌေး
တရားလို — တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၅၀)၊ ရှမ်းစုရပ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ဦးသိန်းဌေး (ဘ) ဦးဘိုအေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးနိုင်လင်းကျော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂)၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာပေ (၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလို သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးဝင်းကို (၁၄/ကကန (နိုင်) ၀၀၀၄၆၈) နှင့် ဒေါ်သန္တာခက် (၁/မကန (နိုင်) ၀၅၁၇၆၅) တို့သည် (၅- ၁ -၁၉၉၄) ရက်တွင် မိတ္ထီလာမြို့နယ်၊ ကျောင်းရွာအုပ်စု၊ ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌရှေ့မှောက်တွင် နှစ်ဦး သဘောတူ ဝန်ခံကတိပြုလက်မှတ်ရေးထိုးခြင်းစာချုပ်ကို ပြုလုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ သားသမီး (၃)ဦး မွေးဖွားထွန်းကားခဲ့ပါသည်။

ယခုအခါ ဦးဝင်းကိုနှင့် ဒေါ်သန္တာခက်တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၂- ၁၀- ၂၀၂၆)ရက်တွင် လွတ်လပ်သောကိုယ်ပိုင်ဆန္ဒများအရ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး “ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ် ” ကိုလည်း ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဝင်းကိုနှင့် ဒေါ်သန္တာခက်တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တစ်ဦး၏လူမှုရေးကိစ္စများ၊ စီးပွားရေးကိစ္စများ၊ ပစ္စည်းဥစ္စာများတွင် ကျန်တစ်ဦးက သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကို၊ ဒေါ်သန္တာခက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးခြူးခြူးဇင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၅၂/၂၀၂၁)**
**အမှတ်-၁၇၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၂၀၁၀၀၀၀၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၉/ညောင်ပင်ထောင်ရပ်)၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(72)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂၈-၁၁-၁၉၉၅ ရက်စွဲပါ အမှုတွဲ အမှတ် (၁၄၉/၁၉၉၅) အရ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဒုတပ်ကြပ်တင်ရှိန်အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေငှားဂရန်မှာ ၂၇-၁၁-၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သဖြင့် ဦးတင်ရှိန်(၁၃/တကန(နိုင်)၀၈၆၄၄၄)အမည်ဖြင့် မြေငှားဂရန်(သက်တမ်းတိုး) ပြန်လည်လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကလေးမြို့**

## ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ ရေဝန်ကြီး (အမက) G-2 တွင် ပညာသင်ယူနေသော မထက်ဝတီအောင်၏ ဖခင်အမည်မှန်မှာ ဦးယမင်းဇော် ၁၄/ကခန(နိုင်)၁၀၅၄၁၄ ဖြစ်ပါကြောင်း။

**ဦးယမင်းဇော်**

## အမည်မှန်

ကော့ကရိတ်မြို့၊ အမှတ်(၅) ရပ်ကွက်နေ (ဘ) ဦးစိုးဝင်းမောင်၏ သား၊ အထက (၂)၊ Grade-6 အတန်းမှ မောင်နိုင်ဝင်းအောင်၏ အမည်မှန်မှာ စောနိုင်ဝင်းအောင် ၃/ကကရ(နိုင်)၃၁၉၂၉၂ ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့ ၊ ရှမ်းစုမြောက်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂၇၊ ရှမ်းစုမြောက်ရပ်)၊ဦးပိုင်အမှတ်(၁၃၅)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိမြေကွက်သည်မူလက ဒေါ်ဆူဟောင် အမည်ဖြင့် (၂၉-၁၂-၂၀၄၄)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၂၀-၇- ၂၀၂၆)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၅၉/၂၀၂၆)အရ ဒေါ်မိုးမိုးဌေး၁/မကန(နိုင်) ၀၉၉၅၆၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်မိုးမိုးဌေး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၅) ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ (၃-၁၀-၂၀၂၆)ရက် စာမျက်နှာ(၃၁) ပါ ကန့်ကွက်နိုင်ပါသည် ကြေညာကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၁၈)၊ ၄-လွှာ (B) တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးအောင်ဘော် (စဉ်-၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇ ) B.Sc, Hon (IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း LL.B (စဉ်- ၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**HP: 09-5017044, 09-250674940**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးစံဌေး၏သား ဦးမိုးကျော်သူ ၁၂/ဥကမ(နိုင်)၁၉၈၈၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၃၁၇၃၀၈၁**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန် ကုန် တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အထက(၆)ကျောင်း (G-12)မှ မမီမီကို၏ ဖခင်အမည် ဦးငမျိုး(ခ)ဦးမျိုး ၁၄/ကပန(နိုင်) ၂၈၂၃၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ အကွက်အမှတ်(အေ-ရပ်ကွက်)၊ ဦးပိုင်အမှတ်(၃၂၂)၊ ဧရိယာ(၀.၀၆၇)ဧကရှိမြေကိုဦးမျိုးညီညီအောင်အမည်ဖြင့် လူနေ ထိုင်ရန် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျုံပျော်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်ကြီးမြို့နယ်၊ မူလွန်-ရွာသစ်ကလေးမှ (ဘ)ဦးပေါပြည့် (ခ)ဦးပေါပြေ၏ သမီး ဒေါ်မဲတူ(ခ) ဒေါ်မြင့်မြင့်ဝင်း၊ မူအုပ် ၉/ မရတ (နိုင်)၀၉၅၁၂၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 86W/60533, Kenbo (Wave Alpha), M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေးအောင် ၉/မလန(နိုင်)၁၅၉၇၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/32138, Honda C-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဖူလုံ ၅/မရန(နိုင်) ၂၉၅၆၉၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသောမြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းလမ်း အကွက်၊ ဦးပိုင်အမှတ်(၆၉^၁)၊ မြေဧရိယာ (၀.၀၆၅) ဧကရှိမြေကွက်အား အရှေ့ဘက်- ဦးပိုင်အမှတ် (၆၉^က)၊ အနောက်ဘက်- မင်းလမ်း၊ တောင်ဘက် - ဦးပိုင်အမှတ် (၆၉^က)၊ မြောက်ဘက် - ဦးပိုင်အမှတ်(၇၀)၊ ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန်ဒေါ်တင်တင်ဌေးမှ လျှောက်ထားလာသည့်အတွက် ဒေါ်တင်တင်ဌေး၏ အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန**
**သထုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/9758, SHAN SMALL L/T ,TSS-01 , P/U(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၅/မမန(နိုင်)၁၂၁၈၇၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/8791 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(အေ- ရပ်ကွက်)၊ ဦးပိုင်အမှတ် (၃၂၀)၊ဧရိယာ (၀.၀၅၉)ဧကကို ဦးမြင့်သန်းအမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျုံပျော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုးမြေငှားဂရန် ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျုံပျော်မြို့**

## ပျောက်ဆုံးကြောင်း

ဦးနေဝင်း ၁၀/ကထန(နိုင်) ၀၀၀၃၆၂ ပိုင်ဆိုင်သော MAEX ၏ အစုရှယ်ယာကတ်အမှတ် 437/၁၀၀ ကျပ်တန်အစု (၁၀၀) စောင်သည် ပျက်စီးပျောက်ဆုံးသွားပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးနေဝင်း**
ဖုန်း-၀၉-၇၆၅၁၁၉၄၄၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/61880, Honda Wave-100, M/C အား စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးမြတ်မိုးအောင် ၁၂/ဥကမ (နိုင်)၀၁၇၄၉၀ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

